ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေးစီမံကိန်း

စနစ်သစ် ပထမပြန် စာမေးပွဲ

ပထမငယ်တန်းအတွက်

# ကောက်နုတ်ချက်ပါဠိများ နိဿယ


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၃၀ ကောဇာ-၁၃၄၈ ခရစ်-၁၉၈၆

၁၇၈၀၂

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

ပရိယတ္တိပညာရေးစီမံကိန်း

စနစ်သစ် ပထမပြန်စာမေးပွဲ

ပထမငယ်တန်းအတွက်

# ကောက်နုတ်ချက်ပါဠိများနိဿယ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ [illegible]

[illegible]ရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သာသနာ-၂၅၃၀ ကောဇာ-၁၃၄၈ ခရစ်-၁၉၈၆

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

ပထမငယ်တန်းအတွက်

ကောက်နုတ်ချက်ပါဠိများနိဿယ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း (ကောက်နုတ်ချက်ပါဠိများနိဿယ ထုတ်ဝေကြောင်း) .... .... .... | [င] |
| ၂။ | ပဏာမာသီသ ဂါထာပါဠိအနက် .... .... | [ဇ] |
| ၃။ | ဝိနယပိဋက မဟာဝဂ္ဂပါဠိ ရာဟုလဝတ္ထုနိဿယ .... | ၁ |
| ၄။ | ။ ။ ဥပါလိဒါရကဝတ္ထုနိဿယ .... | ၇ |
| ၅။ | သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ် ပိယသုတ်နိဿယ .... | ၁၄ |
| ၆။ | ။ ။ မလ္လိကာသုတ်နိဿယ .... | ၁၈ |
| ၇။ | အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် သမစိတ္တဝဂ်နိဿယ .... | ၂၁ |
| ၈။ | ။ စတုက္ကနိပါတ် ပတ္တကမ္မဝဂ် အဓမ္မိကသုတ်နိဿယ .... | ၂၇ |
| ၉။ | ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် ယမကဝဂ်နိဿယ .... | ၃၁ |
| ၁၀။ | ။ ဇာတကအဋ္ဌကထာ သီလဝီမံသကဇာတ်နိဿယ .... | ၄၀ |
| ၁၁။ | ။ ။ သကုဏဂ္ဃိဇာတ်နိဿယ .... | ၅၁ |

## ပထမငယ်တန်း

## ကောက်နုတ်ချက်ပါဠိများ နိဿယ

# နိဒါန်း

---

ကမ္ဘာလောကကြီး အတွင်း၌ အခြေအနေ အရပ်ရပ်တို့သည် အမြဲမပြတ် ပြောင်းလဲလျက်ရှိ နေကြ၏။ အချို့က ဆုတ်ယုတ်ညံ့ဖျင်းသော အားဖြင့် ပြောင်းလဲကြ၍ အချို့ကမူ တိုးတက်ကောင်းမွန်သောအားဖြင့် ပြောင်းလဲကြလေသည်။

မြန်မာနိုင်ငံတွင် ၁၃၄၂-ခုနှစ်၊ (၁၉၈၀-ပြည့်နှစ်)ဝယ် ထေရဝါဒ ဗုဒ္ဓမြတ်စွာ သာသနာတော်ဘက်၌ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုကို အားပြုရ၍ တိုးတက်ကောင်းမွန်သော ပြောင်းလဲမှုကြီးတစ်ခု အံ့ဩ လောက်စွာ ဖြစ်ပေါ်လာခဲ့ပေသည်။

မည်သည့်အချိန် မည်သည့်ကာလကမျှ ညီညွတ်အောင် စုစည်း၍ မရခဲ့သော မြန်မာနိုင်ငံတဝန်းလုံးရှိ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် များသည် ၁၃၄၂-ခုနှစ် (၁၉၈၀-ပြည့်နှစ်) နယုန်လ၌ စည်းလုံးညီညွတ်မှုကို ရရှိကြ၍ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ စနစ်တကျ ကျင်းပနိုင်ခဲ့ကြပေသည်။

ယင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ပရိယတ္တိပညာရေး စီမံကိန်းကို—

၁။ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း၊

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊

၃။ ပါဠိဘာသာတတ်မြောက် ကျွမ်းကျင်စေခြင်း၊

၄။ မြန်မာစာပေအရေးအသားတော်စေခြင်း—

ဟူသော မူ ၄-ချက်နှင့်တကွ ချမှတ်လျက် နိုင်ငံတော်သံဃမဟာနာယကက အဖွဲ့ကြီးကို ဖွဲ့စည်းပေးခဲ့ပေသည်။

# နိဒါန်း

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့သည် အစည်းအဝေးပွဲကြီးက ချမှတ်ထားသော ပရိယတ္တိပညာရေးစီမံကိန်းကို ၁၃၄၅-ခုနှစ် (၁၉၈၃-ခုနှစ်) မှစ၍ စနစ်သစ်ပထမပြန်စာမေးပွဲဟူသော နာမည်ဖြင့် ချမှတ်ထားသောမူနှင့်အညီ အကောင်အထည်ဖော်ခဲ့ပေသည်။ ပရိယတ္တိပညာရေးစီမံကိန်းမူ ၄-ချက်ထဲမှ "ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း" ဟူသောအမှတ် ၂-မူအရ စနစ်သစ်ပထမပြန်စာမေးပွဲ ပထမငယ်တန်း ကဝိလက္ခဏာဘာသာအတွက် "ပါဠိစာပေကောက်နုတ်ချက်" ကျမ်းစာကို ပြဋ္ဌာန်းပေးခဲ့လေသည်။

ယင်း ကျမ်းစာ၌ ဝိနယပိဋကမှတ်စုအကျဉ်း၊ သံယုတ္တနိကာယ်မှတ်စုအကျဉ်း၊ ဓမ္မပဒမှတ်စုအကျဉ်းနှင့် ဇာတကအဋ္ဌကထာမှတ်စုအကျဉ်းတို့ကို မြန်မာစာပေဖြင့် ထည့်သွင်းပြုစုထားသည့်အပြင် ပိဋကတ်ကျမ်းဂန်နှံ့စပ်စေရန်အတွက် ဝိနယပိဋက မဟာဝဂ္ဂပါဠိတော်မှ ရာဟုလဝတ္ထုနှင့် ဥပါလိဒါရကဝတ္ထု၊ သံယုတ္တနိကာယ် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှ ပိယသုတ်နှင့် မလ္လိကာသုတ်၊ အင်္ဂုတ္တရနိကာယ် ဒုကနိပါတ်ပါဠိတော် သမစိတ္တဝဂ်နှင့် စတုက္កနိပါတ် ပတ္တကမ္မဝဂ်မှ အဏဏသုတ်၊ ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် ယမကဝဂ်မှ ဂါထာနှစ်ဆယ်၊ ခုဒ္ဒကနိကာယ် ဇာတကအဋ္ဌကထာမှ သီလဝီမံသဇာတ်နှင့် သကုဏဂ္ဃိဇာတ်တို့ကို ပါဠိစာပေဖြင့် ထည့်သွင်း ပြုစုထားပေသည်။

ယင်း ကောက်နုတ်ချက်ပါဠိစာပေသည် ဒီမိုင်းဆိုက် စာမျက်နှာ ၂၆-မျက်နှာမျှသာ ရှိပါသော်လည်း ယင်းစာပေကို သင်ကြားပို့ချ သင်ယူလေ့လာကြရသော စာချစာသင် အရှင်မြတ်များအတွက် ယင်းစာပေကို လေ့လာရာတွင် မှီငြမ်းပြုစရာ နိဿယ (သို့မဟုတ်) မြန်မာပြန်ကျမ်းစာအုပ်ကြီး ခုနစ်အုပ်မျှ ရှာဖွေကြရလေသည်။

ယင်း ကျမ်းစာအုပ် ရှာဖွေရသောကိစ္စသည် ကျမ်းစာပေါများ၍ ပြည့်စုံစွာရှိနေကြသော မြို့ကြီးပြကြီးများရှိ စာသင်တိုက်ကြီးများအတွက် အခက်အခဲမရှိသော်လည်း ကျမ်းစာရှားပါး၍ ပြည့်စုံမှုမရှိကြသေးသော မြို့သိမ်မြို့ငယ်များရှိ စာသင်တိုက်ကလေးများအတွက် ကြီးမားသော အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ကြရလေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ စနစ်သစ်ပရိယတ္တိပညာရေးကို အားပေးတော်မူကြသော စာချစာသင် အရှင်မြတ်များ ကျမ်းစာ မပြည့်စုံမှု အခက်အခဲကို ကျော်လွှားကြ၍ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာဖြင့် ပါဠိစာပေကောက်နုတ်ချက် ကဝိလက္ခဏာဘာသာကို သင်ကြားပို့ချ သင်ယူ လေ့လာနိုင်ကြစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ စီစဉ်လျက် ဤ"ကောက်နုတ်ချက်ပါဠိများနိဿယ"ကျမ်းစာကို သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ဝေစေရပါကြောင်း။

ပညာရေးအဖွဲ့ငယ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၁၃၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇-ရက်။

၁၉၈၆-ခုနှစ်၊ မေလ ၃၀-ရက်၊ သောကြာနေ့။

# ပဏာမာသီသ

သာတ္ထံ ဒေဝသေဋ္ဌိ သဒ္ဓမ္မံ၊
အတ္တေနေဝ သုလက္ခဏံ။
အတ္ထံ ဗုဒ္ဓံ နမေ နာထံ၊
အတ္ထံ မေ ဒေတု သော ဝရံ။ (ပထျာဝတ္တ)

(ယော နာထော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးစားရာအစစ် အဖြစ်ကြီး ဖြစ်တော်မူသော အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်)။ သာတ္ထံ၊အနက်အဓိပ္ပာယ် အသွယ်သွယ်တို့ပေါကြွယ်ပြည့်ဝ စုံလင်လှသော။ အတ္တေနေဝ၊ အနက်အဓိပ္ပာယ် အသွယ်သွယ်ဖြင့်ပင်လျှင်။ သုလက္ခဏံ၊ သဘောသဘာဝ ပြည့်စုံသော ... သဒ္ဓမ္မံ၊ သူတော်ကောင်းတရား အစားစားကို။ ဝါ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို။ ဒေဝသေဋ္ဌိ၊ နာယူကျင့်က သဘောကျအောင် ဟောပြတော်မူခဲ့ပါပေပြီ။

အတ္ထံ၊ အနက်အဓိပ္ပာယ် အသွယ်သွယ်ကို။ ဗုဒ္ဓံ၊ ကိုယ်တိုင်သိတတ် သိစေတော်မူတတ်သော။ တံ နာထံ၊လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးစားရာ အစစ်ဖြစ်ကြီးဖြစ်တော်မူသောထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။(အဟံ၊ ဘုရားတပည့်တော်သည်။) နမေ၊ ဦးညွတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သော နာထော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးစားရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ မေ၊ ဘုရားတပည့်တော်အား။ ဝရံ၊ ခန့်ညား ပြည့်ဝ ကောင်းမြတ်လှသော။ အတ္ထံ၊ အနက်အဓိပ္ပာယ် အသွယ်သွယ်ကို။ (တနည်း) အတ္ထံ၊ အနက်အဓိပ္ပာယ် အသွယ်သွယ်တည်းဟူသော။ ဝရံ၊ ဆုမြတ်ဆုမွန် ဆုအထူးကို။ ဒေတု၊ မနှေးလျင်စွာ ပေးသနားတော်မူစေချင်ပါ၏။ ဝါ၊ မနှေးလျင်စွာ ပေးသနားတော်မူပါ မြတ်စွာဘုရား။

# ဝိနယပိဋက ကောက်နုတ်ချက်

## မဟာဝဂ္ဂပါဠိ ရာဟုလဝတ္ထုနိဿယ

အထ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ယထာဘိရန္တံ၊ မွေ့လျော်သရွေ့။ ဝါ၊ မွေ့လျော်သမျှ ကာလပတ်လုံး။ ဝိဟရိတွာ၊ သီတင်းသုံးတော်မူပြီး၍။ ယေန မဂ္ဂေန၊ အကြင်လမ်းခရီးဖြင့်။ ကပိလဝတ္ထု၊ ကပိလဝတ်ပြည်သို့။ ဂန္တဗ္ဗော၊ သွားအပ်၏၊ တေန မဂ္ဂေန၊ ထိုလမ်းခရီးဖြင့်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကာမိ၊ ကြွချီတော်မူ၏။ အနုပုဗ္ဗေန၊ ခရီးစဉ်အားဖြင့်။ စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ ကြွချီတော်မူသတ်သော်။ ယေန၊ အကြင်အရပ်၌။ ကပိလ-ဝတ္ထု၊ ကပိလဝတ်ပြည်သည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကပိလဝတ်ပြည်ရှိရာအရပ်သို့၊ အဝသရိ၊ ရောက်တော်မူ၏။ ဘဂဝါ၊ သည်။ သက္ကေသု၊ သက္ကတိုင်းတို့၌။ တတြ တသ္မိံ၊ ထိုကပိလဝတ်ပြည်အနီး၌။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

အထ ခေါ၊ ထိုသို့သီတင်းသုံးတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်တော်မူပြီး၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ယေန၊ အကြင်အရပ်၌။ သုဒ္ဓေါဒနဿ၊ သုဒ္ဓေါဒနအမည်ရှိသော။ သက္ကဿ၊ သာကီဝင်မင်း၏။ နိဝေသနံ၊ နန်းတော်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုနန်းတော်ရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူ၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်တော်မူပြီး၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်နေတော်မူ၏။ အထ ခေါ၊ ထိုအခါ၌။ ရာဟုလမာတာ၊ ရာဟုလာ၏ မယ်တော်ဖြစ်သော။ ဒေဝီ၊ မိဖုရားသည်။ ရာဟုလံ၊ ရာဟုလာအမည်ရှိသော။ ကုမာရံ၊ မင်းသားငယ်ကို။ ‘‘ရာဟုလ၊ ချစ်သား

သိက္ခိဿတိ၊ သင်ယူငြားအံ့။ အင်္ဂုလိယော၊ လက်ချောင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လိမ့်မည်။ သစေ၊ အကယ်၍။ ဥပါလိ၊ သည်။ ဂဏနံ၊ ဂဏန်းအတတ်ကို။ သိက္ခေယျ၊ သင်ယူငြားအံ့။ (ကြွင်းသောအနက်–ရှေးဆိုခဲ့ပြီးတိုင်းပေး။) သစေ၊ အကယ်၍။ ဥပါလိ၊ သည်။ ဂဏနံ၊ ဂဏန်းအတတ်ကို။ သိက္ခိဿတိ၊ သင်ယူငြားအံ့၊ ဥရဿ၊ ရင်ဘတ်၏။ ဒုက္ခော၊ ဆင်းရဲခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ရလိမ့်မည်။ သစေ၊ အကယ်၍။ ဥပါလိ၊ သည်။ ရူပံ၊ ရွှေငွေအတတ်ကို။ သိက္ခေယျ၊ သင်ယူငြားအံ့၊ (ရှေးနည်းမှီ၍ အနက်ပေး။) သစေ၊ အကယ်၍။ ဥပါလိ၊ သည်။ ရူပံ၊ ရွှေ ငွေအတတ်ကို။ သိက္ခိဿတိ၊ သင်ယူငြားအံ့။ အက္ခီနိ၊ မျက်စိတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လိမ့်မည်။ သကျပုတ္တိယာ၊ သာကီဝင်သား ဘုရားသားတော်ဖြစ်ကုန်သော။ ဣမေ သမဏာ၊ ဤရဟန်းတို့သည်။ သုခသီလာ၊ ငြိမ်းချမ်းသော သဘောရှိကုန်၏။ သုခသမာစာရာ၊ ငြိမ်းချမ်းသော အကျင့်ရှိကုန်၏။သုဘောဇနာနိ၊ ကောင်းမွန်သော ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စားကြကုန်လျက်။ နိဝါတေသု၊ လေမတိုးကုန်သော။သယနေသု၊ အိပ်ရာ နေရာတို့၌။ သယန္တိ၊ အိပ်ကြရကုန်၏။ သစေ၊ အကယ်၍။ ဥပါလိ၊ သည်။ သကျပုတ္တိယေသု၊ သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကြကုန်သော။ သမဏေသု၊ ရဟန်းတို့၌။ ပဗ္ဗဇေယျ၊ ရှင်ရဟန်းပြုငြားအံ့။ ဧဝံ၊ ဤသို့ ရှင်ရဟန်းပြုလတ်သော်။ ဥပါလိ၊ သည်။ အမှာကံ၊ ငါတို့၏။ အစ္စယေန၊ လွန်ရာအခါ၌။ သုခဉ္စ၊ ချမ်းသာစွာသည်း။ ဇီဝေယျ၊ အသက်မွေးရစ်ရာ၏။ န စ ကိလမေယျ၊ ပင်ပန်းလည်း မပင်ပန်းရာ။” ဣတိ တေ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။

ဥပါလိဒါရကော၊ ဥပါလိသူငယ်သည်၊ မာတာပိတူနံ၊အမိ အဖတို့၏။ ဣမံ ကထာသလ္လာပံ၊ ဤသို့စကားပြောဆိုကြသည်ကို။ အဿောသိ ခေါ၊ ကြားသည်သာလျှင်တည်း။ အထ ခေါ၊ ဉ္ဇ၊ ဥပါလိဒါရကော၊ ဥပါလိ သူငယ်သည်။ ယေန၊ အကြင်အရပ်၌။ တေ ဒါရကာ၊ ထိုသူငယ်ချင်း သူငယ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေန၊ ထိုသူငယ်ချင်း သူငယ်တို့ရှိရာ

အရပ်သို့။ ဥပသက်မိ၊ လေ၏။ ဥပသက်မိဘ္စာ၊ ပြီး၍။ အေ ဒါရကော၊ ထိုကို။ "အယျာ၊ အမောင်တို့။ထေ၊ လာကြကုန်လော့။ မယံ၊ငါတို့သည်။ ဆက္ကျပုတ္တိယေသု၊ ကုန်သော။ သမဏေသု၊ တို့၌။ ပဗ္ဗဇိဿာမ၊ ရှင်ရဟန်း ပြုကြကုန်စို့"။ ဣတိ ဧတံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ ဆို၏။ "အယျ၊ အမောင်။ သစေ၊ အကယ်၍။ တွံ၊ သင်သည်။ ပဗ္ဗဇိဿသိ၊ ရဟန်းပြုခြင်းအံ့။ ဧဝံ၊ ဤသို့ ရဟန်းပြုလတ်သော်။ မယမ္ပိ၊ ငါတို့သည် လည်း။ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကြကုန်အံ့။" ဣတိ၊ ဤသို့။ အဝေါစုံ၊ ပြောဆိုကြကုန်၏။ အထ ခေါ၊ ၌။ တေ ဒါရကာ၊ ထိုသူငယ်တို့သည်။ ဧကမေကဿ၊ တယောက် တယောက်၏။ မာတာပိတရော၊ အမိ အဖ တို့သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍ "မံ၊ ငါ့ကို။ အဂါရသ္မာ၊ အိမ်ရာ တည်ကောင်း လူ့တို့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာ မထောင် ရဟန်းဘောင်၌။ ပဗ္ဗဇ္ဇာယ၊ ရှင်ရဟန်းပြုခြင်းငှာ။ တုမှေ၊ သင် မိခင် ဖခင်တို့သည်။ အနုဇာနာထ။ ခွင့်ပြုကြပါကုန်လော့"။ ဣတိ ဧတံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစုံ၊ ပြောဆိုကြကုန်၏။ အထ ခေါ၊ ၌။ တေသံ ဒါရကာနံ၊ ထိုသူငယ်တို့၏။ မာတာပိတရော၊ အမိ အဖ တို့သည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ ဒါရကာပိ၊ ဤသူငယ်တို့သည် လည်း။ သမာနစ္ဆန္ဒာ၊ တူသောဆန္ဒရှိကြကုန်၏။ ကလျာဏာဓိပ္ပာယာတိ၊ ကောင်းသောအလိုရှိကြကုန်၏ဟု။ အနုဇာနိံသု၊ ခွင့်ပြုကြကုန်၏။ တေ၊ ထိုသူငယ်တို့သည်၊ ဘိက္ခူ၊ ရဟန်းတို့သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ကြ ကုန်၍။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်းအဖြစ်ကို။ ယာစိံသု၊ တောင်းခံကြကုန်၏။ ဘေ၊ ထိုသူငယ်တို့ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပဗ္ဗဇေသုံ၊ ရှင်ပြုကြကုန် ၏။ ဥပသမ္ပာဒေသုံ၊ ရဟန်းပြုကြကုန်၏။

ဘေ၊ ရဟန်းငယ်တို့သည်။ရတ္တိယာ၊ညဉ့်၏။ ပစ္စူသသမယံ၊ မိုးသောက် ထအခါ၌။ ပစ္စုဋ္ဌာယ၊ စောစောထ၍။ "ယာဂုံ၊ ယာဂုကို။ ဒေထ၊ ပေးကြ ပါကုန်လော့။ ဘတ္တံ၊ ဆွမ်းကို။ ဒေထ၊ ပေးကြပါကုန်လော့။ ခါဒနီယံ၊ ခဲဖွယ်ကို။ ဒေထ၊ ပေးကြပါကုန်လော့"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုကြကုန် ၍။ ရောဒန္တိ၊ ငိုကြွေးကြကုန်၏၊ ဧဝံ၊ ဤသို့ ငိုကြွေးကြကုန်လတ်သော်။

ဘိက္ခူ၊ ရဟန်းတို့သည်။ "အာဝုသော၊ ငါ့ရှင်တို့။ ရတ္တိ၊ ညဉ့်သည်။ ယာဝ၊ အကြင်မျှလောက်။ ဝိဘာယတိ၊ မိုးလင်း၏။ (တာဝ၊ ထိုမျှလောက်)။ အာဂမေထ၊ ငံ့လင့်ကြကုန်ဦးလော့။ သစေ၊ အကယ်၍။ ယာဂု၊ ယာဂုသည်။ ဘဝိဿတိ၊ ရသည်ဖြစ်အံ့။ ပိဝိဿထ၊ သောက်ရကုန်လိမ့်မည်။ သစေ၊ အကယ်၍။ ဘတ္တံ၊ ဆွမ်းသည်၊ ဘဝိဿတိ၊ ရသည်ဖြစ်အံ့။ ဘုဉ္ဇိဿထ၊ စားကြရကုန်လိမ့်မည်။ သစေ၊ အကယ်၍။ ခါဒနီယံ၊ ခဲဖွယ်သည်။ ဘဝိဿတိ၊ ရသည်ဖြစ်အံ့။ ခါဒိဿထ၊ ခဲကြရကုန်လိမ့်မည်။ စေ၊ အကယ်၍။ ယာဂု ဝါ၊ ယာဂုသည်လည်းကောင်း။ ဘတ္တံ ဝါ၊ ဆွမ်းသည်လည်းကောင်း။ ခါဒနီယံ ဝါ၊ ခဲဖွယ်သည်လည်းကောင်း။ နော ဘဝိဿတိ၊ မရသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့မရခဲ့သော်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ လှည့်လည်၍။ ဘုဉ္ဇိဿထ၊ စားကြကုန်လိမ့်မည်။" ဣတိ၊ ဤသို့။ အာဟံသု၊ ပြောဆိုကြကုန်၏။ ဧဝံ၊ ဤသို့။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဝုစ္စမာနာပိ၊ ပြောဆိုအပ်ကုန်သော်လည်း။ တေ ဘိက္ခူ၊ ထိုရဟန်းငယ်တို့သည်။ "ယာဂုံ၊ ယာဂုကို။ ဒေထ၊ ပေးကြကုန်လော့။ ဘတ္တံ၊ ဆွမ်းကို။ ဒေထ၊ ပေးကြကုန်လော့။ ခါဒနီယံ၊ ခဲဖွယ်ကို။ ဒေထ၊ ပေးကြကုန်လော့။" ဣတိ၊ ဤသို့။ ရောဒန္တိယေဝ၊ ငိုကြကုန်သည်သာလျှင်တည်း။ သေနာသနံ၊ ကျောင်းသည်။ ဥပဟဒန္တိပိ၊ ကျင်ကြီးဖြင့်လည်း သင့်ကုန်၏။ ဝါ၊ ကျင်ကြီးဖြင့်လည်း ကပ်ငြိပေကျံကုန်၏။ ဥမ္မိဟန္တိပိ၊ ကျင်ငယ်ဖြင့်လည်း သင့်ကုန်၏။ ဝါ၊ ကျင်ငယ်ဖြင့်လည်း ညစ်ပတ်ပေကျံကုန်၏။

ဘဂဝါ၊ သည်။ ရတ္တိယာ၊ ညဉ့်၏။ ပစ္စူသသမယံ၊ မိုးသောက်ထအခါ၌။ ပစ္စုဋ္ဌာယ၊ စောစောထတော်မူ၍။ ဒါရကသဒ္ဒံ၊ သူငယ်တို့၏အသံကို။ အသောသိ ခေါ၊ ကြားတော်မူသည်သာလျှင်တည်း။ သုတွာန၊ ကြားတော်မူပြီး၍။ အာယသ္မန္တံ အာနန္ဒံ၊ ကို။ "အာနန္ဒ၊ အာနန္ဒာ။ သော ဒါရကသဒ္ဒေါ၊ ထိုသူငယ်တို့၏အသံသည်။ ကိံ နု ခေါ၊ အကြောင်းဘယ်သို့နည်း။" ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ အထ ခေါ၊ ၌။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ဤအကြောင်းမှန်ကို။ အာရောစေသိ၊ လျှောက်ကြား၏။

ဆဝထ ခေါ၊ ဥ။ ဘဂဝါ၊ သည်။ တေသ္မိံ နိဒါနေ၊ ဤမရောက်အရွယ် ကလေးငယ်တို့ကို ရဟန်းပြုခြင်း တည်းဟူသော အကြောင်းကြောင့်။ တေသ္မိံ ပကရဏေ၊ ဤမရောက်အရွယ် ကလေးငယ်တို့ကို ရဟန်းပြုခြင်း တည်းဟူသော အရာကြောင့်။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ သန္နိပါ- တာပေတွာ၊အညီအညွတ် စည်းဝေးစေ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပဋိပုစ္ဆိ၊ မေးစိစစ်တော်မူ၏။ "ဘိက္ခဝေ၊ တို့။ ဘိက္ခူ၊ တို့သည်။ ဇာနံ-ဇာနန္တာ၊ သိပါကုန်လျက်။ ဦနဝီသတိဝဿံ၊ အသက်နှစ်ဆယ် မပြည့်သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥပသမ္ပာဒေန္တိ ကိရ၊ ပဥ္စင်းခံကြကုန်၏တဲ့။ သစ္စံ၊ မှန်ပါ၏လော။" ဣတိ၊ ဤသို့။ ပဋိပုစ္ဆိ၊ မေးစိစစ်တော်မူ၏။ "ဘဂဝါ၊ မြတ်စွာဘုရား။ သစ္စံ၊ မှန်ပါ၏ဘုရား။" ဣတိ၊ ဤသို့။ အဝေါစုံ၊ နားတော်လျှောက်ကြကုန်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဝိဂရဟိ၊ အထူးထူးအပြားပြား မျှားစွာကဲ့ရဲ့တော်မူ၏။ "မောဃ- ပုရိသာ၊ မဂ်ဖိုလ်မရကိစ္စမပြီး အချည်းနှီးသော ယောကျ်ားတို့။ အနနုစ္ဆ- ဝိကံ၊ ရဟန်းတို့အား မလျောက်ပတ်။ အနနုလောမိကံ၊ ရဟန်းတို့အား မလျော်။ အပ္ပတိရူပံ၊ ရဟန်းတို့အား မသင့်တင့်။ အဿမဏကံ၊ ရဟန်းတို့၏ အမှုအရာမဟုတ်။ အကပ္ပိယံ၊ ရဟန်းတို့အားမအပ်။ အကရဏီယံ၊ ရဟန်းတို့သည် မပြုထိုက်။ ဘိက္ခဝေ၊ တို့။ တေ မောဃပုရိသာ၊ ထိုမဂ်ဖိုလ် မရ ကိစ္စမပြီး အချည်းနှီးသော ယောကျ်ားတို့သည်။ ကထံဟိ၊ အဘယ် ကြောင့်လျှင်။ ဇာနံ-ဇာနန္တာ၊ သိကြပါကုန်လျက်။ ဦနဝီသတိဝဿံ၊ အသက်နှစ်ဆယ် မပြည့်သေးသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥပသမ္ပာဒေဿန္တိ- နာမ၊ ပဥ္စင်းခံကြကုန်ဘိသနည်း။"

"ဘိက္ခဝေ၊ တို့၊ ဦနဝီသတိဝဿော၊ အသက်နှစ်ဆယ် မပြည့်သေး သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သီတဿ၊ အချမ်းကိုလည်းကောင်း။ ဥဏှဿ၊ အပူကိုလည်းကောင်း။ ဇိဃစ္ဆာယ၊ ထမင်းဆာခြင်းကိုလည်း ကောင်း။ ပိပါသာယ၊ ရေငတ်ခြင်းကိုလည်းကောင်း။ ဍံသ မကသ ဝါတာ- တပ သရီသပ သမ္ဖဿာနံ၊ မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့ကိုလည်းကောင်း။ အက္ခမော၊ သည်းမခံနိုင်သည်။ ဟောတိ၊

ဖြစ်၏၊ ဒုရုတ္တာနံ၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော။ ဒုရာဂတာနံ၊ မကောင်းသဖြင့် လာကုန်သော။ ဝစနပထာနံ၊ စကားတည်းဟူသော အကြောင်းတို့ကိုလည်းကောင်း။ တိဗ္ဗာနံ၊ ထက်ကုန်သော။ ခရာနံ၊ ကြမ်းကုန်သော။ ကဋုကာနံ၊ စပ်ခါးကုန်သော။ အသာတာနံ၊ သာယာဖွယ်မရှိကုန်သော။ အမနာပါနံ၊ စိတ်နှလုံးကို မပွားစေတတ်ကုန်သော။ ပါဏဟရာနံ၊ အသက်ကို ဆောင်တတ်ကုန်သော။ သာရီရိကာနံ၊ ကိုယ်၌ဖြစ်ကုန်သော။ ဥပ္ပန္နာနံ၊ ဖြစ်လတ္တံ့ကုန်ထသော။ ဒုက္ခာနံ၊ ဆင်းရဲကုန်သော။ ဝေဒနာနံ၊ ဝေဒနာတို့ကို။ အနဓိဝါသကဇာတိကော၊ သည်းမခံနိုင်သော သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။” ဘိက္ခဝေ၊ တို့။ ဝီသတိဝဿော၊ အသက်နှစ်ဆယ် ပြည့်ပြီးသည်သာလျှင်ဖြစ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ သီတဿ၊ အချမ်းကိုလည်းကောင်း။ ပ ။ ဝေဒနာနံ၊ ဝေဒနာတို့ကို။ အဓိဝါသကဇာတိကော၊ သည်းခံနိုင်သော သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

“ဘိက္ခဝေ၊ တို့။ ဧတံ၊ ဤသင်တို့ ပြုသော အမှုသည်။ အပ္ပသန္နာနံ ဝါ၊ မကြည်ညိုကြကုန်သေးသော သူတို့အားလည်း။ ပသာဒါယ၊ ကြည်ညိုစေခြင်းငှာ။ န ဟောတိ၊ မဖြစ်။ ပသန္နာနံ ဝါ၊ ကြည်ညိုကြကုန်ပြီးသော သူတို့အားလည်း။ ဘိယျောဘာဝါယ၊ အတိုင်းထက်လွန်စွာ ပွားများစေခြင်းငှာ၊ န ဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ တို့။ အထ ခေါ၊ စင်စစ်သော်ကား။ ဧတံ၊ ဤသင်တို့ပြုသောအမှုသည်။ အပ္ပသန္နာနံ၊ မကြည်ညိုကြကုန်သေးသော။ ကေစ္စာနဉ္စေဝ၊ အချို့သော သူတို့အားလည်း။ အပ္ပသာဒါယ၊ မကြည်ညိုစေခြင်းငှာ။ ပသန္နာနံ၊ ကြည်ညိုကြကုန်ပြီးသော။ ကေစ္စာနဉ္စ၊ အချို့သောသူတို့အားလည်း။ အညထတ္တာယ၊ အကြည်ညိုပျက်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။” ဣတိ၊ ဤသို့။ ဝိဂရဟိ၊ အထူးထူး အပြားပြား များစွာကဲ့ရဲ့တော်မူ၏။

အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ တေ ဘိက္ခူ၊ တို့ကို။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ ဝိဂရဟိတွာ၊ အထူးထူးအပြားပြား များစွာ ကဲ့ရဲ့တော်မူပြီး၍။ ဒုဗ္ဘရတာယ၊ မိမိကိုယ်ကို မိမိမွေးမြူနိုင်ခဲသော

အဖြစ်၏။ ဒုပ္ပောသတာယ၊ မိမိကိုယ်ကို ဒါယကာတို့ မွေးမြူနိုင်ခဲ့သော အဖြစ်၏။ မဟိစ္ဆတာယ၊ အလိုကြီးသောအဖြစ်၏။ အသန္တုဋ္ဌိတာယ၊ မရောင့်ရဲသောအဖြစ်၏။ သင်္ဂဏိတာယ၊ အပေါင်းအဖော်၌ မွေ့လျော်ပျော်ပါးခြင်း၏။ ကောသဇ္ဇဿ၊ ပျင်းရိခြင်း၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသိတွာ၊ ဟောတော်မူ၍။ အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်။ သုဘရတာယ၊ မိမိကိုယ်ကို မိမိမွေးမြူနိုင်လွယ်သော အဖြစ်၏။ သုပေါသတာယ၊ မိမိကိုယ်ကို ဒါယကာတို့ မွေးမြူလွယ်သော အဖြစ်၏။ အပ္ပိစ္ဆဿ၊ အလိုနည်းခြင်း၏။ သန္တုဋ္ဌဿ၊ ရောင့်ရဲခြင်း၏။ သလ္လေခဿ၊ ကိလေသာကို ခေါင်းပါးစေခြင်း၏။ ဓုတဿ၊ ကိလေသာကို ခါတွက်ခြင်း၏။ ပါသာဒိကဿ၊ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၏။ အပစယဿ၊ ကိလေသာကိုဖျက်ဆီးခြင်း၏။ ဝီရိယာရမ္ဘဿ၊ လုံ့လကိုအားထုတ်ခြင်း၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသိတွာ၊ ဟောတော်မူ၍။ ဘိက္ခူနံ၊ တို့အား။ တဒနုစ္ဆဝိကံ၊ ထိုသိက္ခာပုဒ်ကို ပညတ်ခြင်းအား လျောက်ပတ်သော။ တဒနုလောမိကံ၊ ထိုသိက္ခာပုဒ်ကို ပညတ်ခြင်းအားလျော်သော။ ဓမ္မိံ ကထံ၊ တရားစကားကို။ ကတွာ၊ ဟောသည်ကိုပြု၍။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ ကိံ အာမန္တေသိ၊ နည်း။ "ဘိက္ခဝေ၊ တို့။ ဇာနံ ဇာနန္တော၊ သိပါလျက်။ ဉိနဝီသတိဝဿော၊ အသက်နှစ်ဆယ်မပြည့်သေးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ န ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းမပြုအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ရဟန်းပြုပေးငြားအံ့။ သော ဘိက္ခု၊ ကို။ ယထာဓမ္မော၊ တရားအားလျော်စွာ။ ကာရေတဗ္ဗော၊ ပြုစေထိုက်၏။ ဝါ၊ ဆုံးဖြတ်ထိုက်၏။" ဣတိ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။

ဥပါလိဒါရက ဝတ္ထုပြီး၏။

# သံယုတ္တနိကာယ် ကောက်နုတ်ချက်

## သဂါထာဝဂ္ဂသံယုတ် ပိယယုတ်နိဿယ

သာဝတ္ထိနိဒါနံ၊ သာဝတ္ထိ နိဒါန်းတည်း။

[အမှာ။ ။သာဝတ္ထိ နိဒါန်းဟူသည်–ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ၊ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ အထ ခေါ ရာဇာ ပသေနဒိကောသလော ယေန ဘဂဝါ၊ တေနုပသင်္ကမိ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ– ဟူသော နိဒါန်းကို အကျဉ်းချုံးထားခြင်း မေတည်း။]

ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နော ခေါ၊ ထိုင်နေပြီးသော။ ပသေနဒိကောသလော၊ ပသေနဒိကောသလ မည်ရှိသော။ ရာဇာ၊ မင်းကြီးသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ "ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤအရပ်၌။ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက်။ ပဋိသလ္လီနဿ၊ တစ်ယောက်တည်းကိန်းအောင်းသော။ မယှံ၊ တပည့်တော်၏။ ဝါ၊ အား။ ကေသံ၊ အဘယ်သူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော နု ခေါ၊ ချစ်အပ်ပါသနည်း။ ကေသံ အဘယ်သူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို၊ အပ္ပိယော နု ခေါ၊ မချစ်အပ်ပါသနည်း။ ဣတိ ဧဝံ၊ ဤသို့။ စေတသော၊ စိတ်၏။ ပရိဝိတက္ကော၊ အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ ဘန္တေ၊ အရှင်ဘုရား။ တဿ မယှံ၊ ထိုတပည့်တော်၏။ ဝါ၊ အား။ ကေစိ၊ အချို့ကုန်သော။ ယေ ခေါ၊ အကြင်သူတို့သည်။ ကာယေန၊ ကိုယ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရန္တိ၊ ကျင့်ကြကုန်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရန္တိ၊ ကျင့်ကြကုန်၏၊ မနသာ၊ စိတ်ဖြင့်။ ဒုစ္စရိတံ၊ ဒုစရိုက်ကို။ စရန္တိ၊ ကျင့်ကြကုန်၏။ တေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို၊ အပ္ပိယော၊ မချစ်အပ်။ (ချစ်သည်မမည်)။ နော၊ ငါတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော၊ ချစ်အပ်၏။ (ချစ်သည်မည်၏။)ဣတိ ဧဝံ၊

ဤသို့။ တေ၊ ထို ဒုစရိုက်ကိုကျင့်သူတို့သည်။ ကိဉ္စာပိ ဝဒေယျုံ၊ အကယ်၍မူလည်း ဆိုကုန်ရာ၏။ အထ ခေါ၊ ထိုသို့ပင်ဆိုကုန်သော်လည်း။ တေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ အပ္ပိယော၊ မချစ်အပ် (ချစ်သည် မမည်)။ တံ၊ ထို သို့ မိ မိ ကို ယ် ကို မချစ်ဟူသောစကားကိုဆိုခြင်းသည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူ။ ဟိယသ္မာ၊ အကြင် ကြောင့်။ အပ္ပိယော၊ မိမိကိုယ်ကို မချစ်သောသူသည်။ အပ္ပိယဿ၊ မချစ်သော သူ၏ အကျိုးငှာ။ ယံ၊ အကြင် ဒုစရိုက်အမှုကို။ ကရေယျ၊ ပြုရာ၏။ တေ၊ ထိုသူတို့သည်။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ အတ္တနော၊ မိမိ၏ အကျိုးငှာ။ တံ၊ ထိုဒုစရိုက်အမှုကို။ ကရောန္တိ၊ ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ အပ္ပိယော၊ မချစ်အပ်(ချစ်သည် မမည်)။

ကေစိ၊ အချို့သော။ ယေ၊ အကြင်သူတို့သည်။ ကာယေန၊ ဖြင့်။ သုစရိတံ၊ သုစရိုက်ကို။ စရန္တိ၊ ကုန်၏။ ဝါစာယ၊ ဖြင့်။ သုစရိတံ၊ သုစရိုက်ကို။ စရန္တိ၊ ကုန်၏။ မနသာ၊ ဖြင့်။ သုစရိတံ၊ သုစရိုက်ကို။ စရန္တိ၊ ကုန်၏။ ဧတေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော၊ ချစ်အပ်၏(ချစ်အပ်သည်မည်၏)။ နော၊ ငါတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ အပ္ပိယော၊ မချစ်အပ် (ချစ်အပ်သည်မမည်)။ ဣတိ ဝေံ၊ ဤသို့။ တေ၊ ထိုသူတို့သည်။ ကိဉ္စာပိ ဝဒေယျုံ၊ အကယ်၍မူလည်း ဆိုကုန်ရာ၏။ အထ ခေါ၊ ထိုသို့ပင်ဆိုကြပါကုန်သော်လည်း။ တေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော၊ ချစ်အပ်၏(ချစ်သည်မည်၏)။ တံ၊ ထို မိမိကိုယ်ကိုချစ်၏ဟူသော စကားကို ဆိုခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ ဟိယသ္မာ၊ အကြင်ကြောင့်။ ပိယော၊ မိမိကိုယ်ကို ချစ်သောသူသည်။ ပိယဿ၊ ချစ်သောသူ၏အကျိုးငှာ။ ယံ၊ အကြင်သုစရိုက်အမှုကို။ ကရေယျ၊ ပြုရာ၏။ တေ၊ ထိုသူတို့သည်။ အတ္တနာဝ၊ မိမိသည်ပင်လျှင်။ အတ္တနော၊ မိမိ၏အကျိုးငှာ။ တံ၊ ထိုသုစရိုက်အမှုကို။ ကရောန္တိ၊ ပြုကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုသူတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော၊ ချစ်အပ် ၏ (ချစ်အပ်သည်မည်၏)။ ဣတိ ဧတံ၊ ဤသို့သောအကြံသည်။ အဟော-

သိ၊ ဖြစ်ဖူးသေပြီ။ ဣတိ ဧတံ ဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ နားတော်လျှောက်၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧတံ၊ ဤသို့သောအကြံသည်။ ဧဝံ၊ ကြံတိုင်းမှန်ပေ၏။ မဟာရာဇ၊ ကြီ·။ ဧတံ၊ သည်။ ဧဝံ၊ ၏။ (ကြွင်းသောပုဒ်များ အနက်ထင်ရှားပြီ။ ရှေးနည်းအတိုင်းဆိုလေ။) ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ သုဂတော၊ မြတ်စွာဘုရားသည်။ ဣဒံ၊ ဤစကားကို။ ဝတွာန၊ မိန့်တော်မူပြီး၍။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ အထာပရံ၊ ထိုမှတပါးသော။ အတ္တာနဉ္စေ ပိယံ ဇညာ ။ပ။ ပတိဋ္ဌာ ဟောန္တိ ပါဏိနန္တိ၊ အတ္တာနဉ္စေ။ပ။ ပါဏိနံ ဟူသော။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။

၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်အပ်၏ဟူ၍။ စေ ဇညာ၊ အကယ်၍ သိငြားအံ့။ နံ၊ ထို မိမိကိုယ်ကို။ ပါပေန၊ မကောင်းမှုနှင့်။ န သံယုဇေ၊ မယှဉ်စေရာ။ ဟိ သစ္စံ၊ မှန်၏။ ဒုက္ကဋကာရိနာ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်။ တံ သုခံ၊ ထို ချမ်းသာကို။ သုလဘံ၊ ရလွယ်သည်။ န ဟောတိ၊ မဖြစ်။

၂။ အန္တကေန၊ သေမင်းသည်။ အဓိပန္နဿ၊ နှိပ်စက်အပ်သော။ မာနုသံ၊ လူ၌ဖြစ်သော။ ဘဝံ၊ ဘဝကို။ ဇဟတော၊ စွန့်သော။ တဿ၊ ထိုသူအား။ ကိံ ဟိ၊ အဘယ်သည်သာလျှင်။ သကံ၊ မိမိဥစ္စာ မည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ကိဉ္စ၊ အဘယ်ကိုသာလျှင်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားရသနည်း။ ကိဉ္စ၊ အဘယ်သည်သာလျှင်။ အနပါယိနီ၊ ဖဲ၍မသွားသော။ ဆာယာ ဣဝ၊ အရိပ်ကဲ့သို့။ အဿ၊ ထိုသူ၏။ အနုဂံ၊ နောက်သို့အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်သနည်း။

၃။ ဣဓ၊ ဤလောက၌။ မစ္စော၊ သတ္တဝါသည်။ ယံ ပုညဉ္စ၊ အကြင် ကောင်းမှုကိုလည်းကောင်း။ ယံ ပါပဉ္စ၊ အကြင် မကောင်းမှုကိုလည်း ကောင်း။ ဥဘော၊ နှစ်ပါးတို့ကို။ ကုရုတေ၊ ပြု၏။ တံ ဟိ၊ ထိုကောင်းမှု

မကောင်းမှု ကံနှစ်ပါးသည်သာလျှင်။ တဿ၊ ထိုသူ၏။ သကံ၊ မိမိဥစ္စာသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုကောင်းမှု မကောင်းမှု ကံနှစ်ပါးကိုသာလျှင်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊ သွားရ၏။ အနပါယိနီ၊ ဖဲ့ခွာ၍မသွားသော။ ဝါ၊ အစဉ်တစိုက် လိုက်ခြင်းရှိသော။ဆာယာ ဣဝ၊ အရိပ်ကဲ့သို့။ တဉ္စ၊ ထိုကံနှစ်ပါးသည်သာလျှင်။ အဿ၊ ထိုသူ၏။ အနုဂံ၊ နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။

၄။ တသ္မာ၊ ထို့ကြောင့်။ သမ္ပရာယိကံ၊ တမလွန်၏ အစီးအပွား ဖြစ်သော။ နိစယံ၊ ဆည်းပူးအပ်သော။ ကလျာဏံ၊ ကောင်းမှုကို။ ကရေယျ၊ ပြုရာ၏။ ပုညာနိ၊ ကောင်းမှုတို့သည်။ ပရလောကသ္မိံ၊ တမလွန်ဘဝ၌။ ပါဏိနံ၊ သတ္တဝါတို့၏။ ပတိဋ္ဌာ၊ တည်ရာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပိယသုတ်နိဿယ ပြီး၏။

# သံယုတ္တနိကာယ် ကောက်နုတ်ချက်

## သဂါထာဝဂ္ဂသံယုတ် မလ္လိကာသုတ်နိဿယ

သာဝတ္ထိနိဒါနံ၊ သာဝတ္ထိနိဒါန်းတည်း။ တေန ခေါ ပန သမယေန၊ ထိုသို့နေတော်မူသောအခါ၌။ ပသေနဒိကောသလော၊ ပသေနဒိ-ကောသလ အမည်ရှိသော။ ရာဇာ၊ မင်းကြီးသည်။ မလ္လိကာယ၊ မလ္လိ-ကာအမည်ရှိသော။ ဒေဝိယာ၊ မိဖုရားနှင့်၊ သဒ္ဓိံ၊ အတူတကွ။ ဥပရိ-ပါသာဒဝရဂတော၊ မြတ်သောပြာသာဒ်ထက်၌ နေသည်။ ဟောတိ၊ ဖြစ်၏။ အထ ခေါ၊ ၎င်း။ ပသေနဒိကောသလော၊ သော။ ရာဇာ၊ သည်။ မလ္လိကံ၊ သော။ ဒေဝိံ၊ မိဖုရားကို။ "မလ္လိကေ၊မလ္လိကာ၊ တေ၊ သင့်အား။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ်သော။ အညော၊ တပါး သော။ ကောစိ၊ တစုံတယောက်သောသူသည်။ အတ္ထိ နုခေါ၊ ရှိသလော"။ ဣတိ ဧတံ၊ ဤသို့သောစကားကို။ အဝေါစ၊ မိန့်ဆိုပြီ။ "မဟာရာဇ၊ ကြီး မေ၊ အကျွန်ုပ်အား။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ် သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ ခေါ၊ မရှိသည်သာလျှင်တည်း။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုယှံ၊ သင်မင်းကြီးအား။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ် သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ အတ္ထိ ပန၊ ရှိပါသလော"။ ဣတိ၊ ဤသို့။ ပုစ္ဆတိ၊ မေး၏။ "မလ္လိကေ၊ မလ္လိကာ။ မယှမ္ပိ၊ ငါ့အားလည်း။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက် သောသူသည်။ နတ္ထိ ခေါ၊ မရှိသည်သာလျှင်တည်း" ဣတိ၊ ဤသို့။ အဝေါစ၊ ပြန်ဆိုပြောကြား၏။

အထ ခေါ၊ ၎င်း၊ ပသေနဒိကောသလော၊ သော။ ရာဇာ၊ သည်။ ပါသာဒါ၊ ပြာသာဒ်မှ။ ဩရောဟိတွာ၊ ဆင်းသက်၍။ ယေန၊ အကြင် အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊

ထိုဘုရားရှင် ရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်လေ၏။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ၊ အလွန်ရှိခိုးလေစွာ ရှိခိုးပြီး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသီဒိ၊ ထိုင်နေပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော ခေါ၊ ထိုင်နေပြီးသော။ ပသေနဒိကောသလော၊ သော။ ရာဇာ၊ သည်။ ဘဂဝန္တံ၊ ကို။–

''ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ မလ္လိကာယ၊ မလ္လိကာ အမည်ရှိသော။ ဒေဝိယာ၊ မိဖုရားနှင့်။သဒ္ဓိံ၊ အတူတကွ။ ဥပရိပါသာဒဝရဂတော၊ မြတ်သော ပြာသာဒ်ထက်၌နေလျက်။ မလ္လိကံ၊ သော။ ဒေဝိံ၊ ကို။ ''မလ္လိကေ၊ မလ္လိကာ။ တေ၊သင့်အား။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ်သော။အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော သူသည်။ အတ္ထိနု ခေါ၊ ရှိသလော''။ ဣတိ တေ၊ ဤသို့သောစကားကို။ အဝေါစံ၊ ဆိုပြီ။ဘန္တေ၊ အရှင်ဘုရား၊ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိလော်။ မလ္လိကာ၊သော။ ဒေဝီ၊ သည်၊ မံ၊ တပည့်တော်ကို။ ''မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ အကျွန်ုပ်အား။ အတ္တနာ၊ မိမိထက်၊ ပိယတရော၊ အလွန်ချစ်အပ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ ခေါ၊ မရှိသည်သာလျှင်တည်း။ မဟာရာဇ၊မြတ်သောမင်းကြီး။ တုယှံ၊ အရှင်မင်းကြီးအား။ အတ္တနာ၊ မိမိထက်။ ပိယတရော၊ အလွန်ချစ်အပ်သော။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ အတ္ထိ ပန၊ ရှိသလော''။ ဣတိ တေ၊ဤသို့သော စကားကို။ အဝေါစ၊ ဆိုပြီ။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့၊ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ အဟံ၊ တပည့်တော်သည်။မလ္လိကံ၊ သော။ ဒေဝိံ၊ ကို။ ''မလ္လိကေ၊ မလ္လိကာ။ မယှမ္ပိ၊ ငါ့အားလည်း၊ အတ္တနာ၊ ထက်။ ပိယတရော၊ အလွန်ချစ်အပ်သော။ အညော၊တပါးသော။ ကောစိ၊ တစုံတယောက်သောသူသည်။ နတ္ထိ ခေါ၊ မရှိသည်သာလျှင်တည်း''။ ဣတိ တေ၊ ဤသို့သောစကားကို။ အဝေါစံ၊ ဆိုပြီ။ဣတိ တေ၊ ဤသို့သောစကားကို။ အဝေါစ၊ နားတော်လျှောက်၏။

အထ ခေါ၊ ၌၊ ဘဂဝါ၊ သည်။ တေမတ္ထံ၊ ဤအကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံ ဝေလာယံ၊ ထိုအခါ၌။ “သဗ္ဗာဒိသာ ။ပ။ ပရမတ္တကာမော” တိ၊ သဗ္ဗာဒိသာ။ပ။ပရမတ္တကာမော-ဟူသော။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာသိ၊ ရွတ်ဆိုဟောကြားတော်မူ၏။

သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ အဖန်ဖန်ထက်ဝန်းကျင်သွား၍။ ကွစိ၊ တစုံတခုသောအရပ်၌။ အတ္တနာ၊ မိမိထက်။ ပိယတရံ၊ အထူးသဖြင့် ချစ်အပ်သောသူကို။ နေဝဇ္ဈဂါ၊ မရနိုင်။ ဧဝံ၊ ဤဟယောက်သောသူ၏ မိမိကိုယ်ကို ချစ်အပ်သည်နှင့်အတူ။ ပရေသံ၊ မိမိမှ တပါးကုန်သော။ ပုထု၊ များစွာသောသတ္တဝါတို့သည်။ အတ္တာ၊ မိမိကိုယ်ကို။ ပိယော၊ ချစ်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊ ကိုယ်ကျိုးစီးပွားကို အလိုရှိသောသူသည်။ ပရံ၊ သူတပါးကို။ န ဟိံသေ၊ မညှဉ်းဆဲရာ။ ဣတိ၊ ဤသို့။ အဘာသိ၊ ဟောကြားတော်မူ၏။

မလ္လိကာသုတ်နိဿယ ပြီး၏။

# အင်္ဂုတ္တရနိကာယ် ကောက်နုတ်ချက်

## ဒုကနိပါတ် သမစိတ္တဝဂ္ဂနိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ အသပ္ပုရိသဘူမိဉ္စ၊ သူတော်မဟုတ် သူယုတ်မာ တို့၏ အရာကိုလည်းကောင်း။ သပ္ပုရိသဘူမိဉ္စ၊ သူတော်ကောင်းတို့၏ အရာကိုလည်းကောင်း။ ဝေါ၊ သင် ချစ်သားတို့အား။ အဟံ၊ ငါဘုရား သည်။ ဒေသေဿာမိ၊ ဟောကြားပေအံ့။ တံ၊ ထိုငါဟောကြားလတ္တံ့ သောတရားကို။ (တုမှေ၊ သင် ချစ်သားတို့သည်) သုဏာထ၊ နာယူ ကြကုန်လော့။ သာဓုကံ၊ ကောင်းမွန်စွာ။ မနသိကရောထ၊ နှလုံးသွင်း ကြကုန်လော့၊ အဟံ၊ ငါဘုရားသည်။ ဘာသိဿာမိ၊ ဟောကြားပေအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ "ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ကောင်းပါပြီ။" ဣတိ ခေါ၊ ဤသို့လျှင်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ပြန်ကြား လျှောက်ထားကြကုန်၏။ (တနည်း) ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ ပစ္စဿောသုံ၊ ဝန်ခံကြကုန်၏။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ဧတံ၊ ဤသို့သောစကားတော်ကို။ အဝေါစ၊ မိန့်တော် မူ၏။

ဘိက္ခဝေ၊ တို့။ အသပ္ပုရိသဘူမိ၊ သူတော်စင်မဟုတ်-သူယုတ်မာတို့၏ အရာသည်။ ကတမာ စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ တို့။ အသပ္ပုရိသော၊ သူတော်မဟုတ်-သူယုတ်မာသည်။ အကတညူ စ၊ ပြုဖူးသောသူကျေးဇူးကို မသိသည်လည်း။ အကတဝေဒီ စ၊ ပြုဖူးသောသူကျေးဇူးကို ထင်စွာပြု၍ မသိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ယဒိဒံ-ယံ ဣဒံ-ယာ အယံ အကတညုတာ၊ အကြင်ပြုဖူးသောသူကျေးဇူးကို မသိသူ၏အဖြစ် သည်။ ယဒိဒံ ယံ ဣဒံ ယာ အယံ-အကတဝေဒိတာ၊ အကြင်ပြုဖူးသော သူကျေးဇူးကို ထင်စွာပြု၍ မသိသူ၏အဖြစ်သည်။ အတ္ထိ၊ ၏။ ဧတံ၊

၁၇၈၀၂

ဤပြုဖူးသောသူကျေးဇူးကို မသိသူ့ထင်စွာပြု၍ မသိသူ၏ အဖြစ်ကို။ အသမ္ဗိ၊ သူတော်မဟုတ်-သူယုတ်မာတို့သည်။ ဥပညာတံ၊ ချီးမွမ်းသော အားဖြင့် ကပ်၍သိအပ်၏။ ဝါ၊ ချီးမွမ်းအပ်၏။ ဘိက္ခဝေ၊ တို့။ ယဒိဒံ-ယံဣဒံ ယာ အယံ အကတညုတာ၊ အကြင်ပြုဖူးသောကျေးဇူးကို မသိသူ၏ အဖြစ်သည်။ ယဒိဒံ-ယံ ဣဒံ-ယာ အယံ-အကတဝေဒိတာ၊ အကြင် ထင်စွာ ပြု၍ မသိသူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ကေဝလာ၊ အလုံးစုံသော။ သော၊ ဤပြုဖူးသောကျေးဇူးကို မသိသူ၏ အဖြစ် ထင်စွာပြု၍ မသိသူ၏ အဖြစ်သည်။ အသပ္ပုရိသဘူမိ၊ သူတော်မဟုတ်-သူယုတ်မာတို့၏ အရာပေတည်း။

ဘိက္ခဝေ၊ တို့။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ ကတညူ စ၊ ပြုဖူးသောသူကျေးဇူးကို သိသည်လည်း။ ကတဝေဒီ စ၊ ပြုဖူးသော သူကျေးဇူးကို ထင်စွာပြု၍သိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ယဒိဒံ-ယံဣဒံ-ယာ အယံ ကတညုတာ၊ အကြင်ပြုဖူးသောသူကျေးဇူးကို သိသူ၏ အဖြစ်သည်။ ယဒိဒံ ယံ ဣဒံ-ယာ အယံ ကတဝေဒိတာ၊ အကြင်ပြုဖူးသော သူကျေးဇူးကို ထင်စွာပြု၍ သိသူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤပြုဖူးသော သူကျေးဇူးကို သိသူ၏အဖြစ် ထင်စွာ ပြု၍ သိသူ၏ အဖြစ်ကို။ သဗ္ဘိ၊ သူတော်ကောင်းတို့သည်။ ဥပညာတံ၊ ချီးမွမ်းသောအားဖြင့် ကပ်၍သိအပ်၏။ ဝါ၊ ချီးမွမ်းအပ်၏။ ဘိက္ခဝေ၊ တို့။ ယဒိဒံ-ယံ ဣဒံ ယာ အယံ ကတညုတာ၊ သည်။ ယဒိဒံ-ယံ-ဣဒံ-ယာ အယံ ကတဝေဒိတာ၊ သည်။ အတ္ထိ၊ ရှိ၏။ ကေဝလာ၊ အလုံးစုံသော။ သော၊ ဤပြုဖူးသောသူကျေးဇူးကို သိသူ၏အဖြစ် ထင်စွာပြု၍သိသူ၏ အဖြစ်သည်။ သပ္ပုရိသဘူမိ၊ သူတော်ကောင်းတို့၏ အရာပေတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

ဘိက္ခဝေ၊ တို့။ ဒွိန္နံ၊ နှစ်ယောက်ကုန်သောသူတို့အား။ သုပ္ပဋိကာရံ၊ လွယ်ကူစွာ ကျေးဇူးပြုနိုင်၏ ဟူ၍။ အဟံ၊ သည်။ န ဝဒါမိ၊ ဟောတော်မမူ။ ကတမေသံ ဒွိန္နံ၊ အဘယ်နှစ်ယောက် ကုန်သောသူတို့အား။ သုပ္ပဋိ-ကာရံ၊ ၍။ န ဝဒါမိ၊ ဟောတော်မမူသနည်း။ မာတု စ၊ အားလည်းကောင်း။

ပိတု စ၊ အားလည်းကောင်း။ ဣတိ ဣမေသံ ဒွိန္နံ၊ ဤ နှစ်ယောက်ကုန်သော သူတို့အား။ သုပ္ပဋိကာရံ၊ ရှိ။ န ဝဒါမိ၊ ဟောတော်မမူ။

ဘိက္ခဝေ၊ တို့။ (ယော၊ အကြင် သား သမီးသည်။) ဝဿသတာ-ယုကော၊ အနှစ်ဘရာသက်တမ်းရှိသည်ဖြစ်၍။ ဝဿသတ ဇီဝီ၊ အနှစ်ဝရာ ကာလပတ်လုံး အသက်ရှည်သည်ဖြစ်၍။ ဧကေန၊ တဘက်သော။ အံသေန၊ ပုခုံးဖြင့်။ မာတရံ၊ အမိကို။ ပရိဟရေယျ၊ ထမ်းထားရာ၏။ ဧကေန၊ တဘက်သော။ အံသေန၊ ပုခုံးဖြင့်။ ပိတရံ၊ အဘကို။ ပရိဟရေယျ၊ ထမ်းထားရာ၏။ သော စ၊ ထိုသားသမီးသည်လည်း။ နေသံ၊ ထို အမိအဖ တို့အား။ ဥစ္ဆာဒနပရိမဒ္ဒနနှာပနသမ္ဗာဟနေန၊ (နံ့သာလိမ်းပေးခြင်း နှိပ်နယ်ပေးခြင်း ရေချိုးပေးခြင်း ခြေလက်ဆုပ်နယ်ခြင်းဖြင့်။ (ဥပဋ္ဌဟေ-ယျ၊ လုပ်ကျွေးရာ၏)။ တေ စ၊ ထိုအမိ အဖတို့သည်လည်း။ တတ္ထေဝ၊ ထို သားသမီးတို့၏ ပုခုံးပေါ်၌ပင်လျှင်။ မုတ္တကရီသံ၊ ကျင်ငယ် ကျင်ကြီးကို။ စဇေယျုံ၊ စွန့်ကုန်ရာ၏။ ဘိက္ခဝေ၊ တို့။ (ဝေမ္ပိ၊ ဤသို့လုပ်ကျွေးပါသော်လည်း။) မာတာပိတူနံ၊ အမိအဖတို့အား။ ကတံ ဝါ၊ ကျေးဇူးအထူးကို ပြုသည်မည်သည်လည်းကောင်း။ ပဋိကတံ ဝါ၊ ကျေးဇူးတုံ့ကို ပြုသည် မည်သည်လည်းကောင်း။ န တွေဝ ဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ ဘိက္ခဝေ၊ တို့။ (ယော စ၊ အကြင်သားသမီးသည်လည်း)။ ပဟူတ ရတ္တ-ရတနာယ၊ အလွန်များစွာ နှစ်သက်ခြင်းကိုဖြစ်တတ်သော ရတနာရှိသော။ ဣမိဿာ ပထဝိယာ စ၊ ဤမြေ၌သည်း။ မာတာပိတရော၊ အမိအဖတို့ကို။ ဣဿရာဓိပစ္စေ၊ အစိုးရသောသူ၏ အဖြစ်ဟုဆိုအပ်သော။ ရဇ္ဇေ၊ မင်း၏ အဖြစ်၌။ ပတိဋ္ဌာပေယျ၊ တည်စေငြားအံ့။ ဘိက္ခဝေ၊ တို့။ (သော စ၊ ထိုသားသမီးသည်လည်း။ ဝေမ္ပိ၊ ဤသို့မင်းအဖြစ်၌ တည်စေပါသော် လည်း)။ မာတာပိတူနံ၊ အမိ အဖတို့အား။ ကတံ ဝါ၊ လည်းကောင်း။ ပဋိကတံ ဝါ၊ လည်းကောင်း။ နတွေဝ ဟောတိ၊ တည်း။

တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့် နည်းဟူမူ။ ဘိက္ခဝေ၊ တို့။ မာတာပိတရော၊ တို့သည်။ ပုတ္တာနံ၊ သားသမီး တို့အား။ ဗဟုကာရာ၊ များစွာ ကျေးဇူးရှိကုန်၏။ အာပါဒကာ၊ စောင့်

ရှောက်တတ်ကုန်၏။ ပေါသကာ၊ မွေးမြူတတ်ကုန်၏။ ဣမဿ လောကဿ၊ ဤလောကကို။ ဒဿေတာရော၊ ပြတတ်ကုန်၏။ "တသ္မာ၊ ထို့ကြောင့် တည်း။ ဘိက္ခဝေ၊ တို့။ ယော စ၊ အကြင်သားသမီးသည်လည်း။ အဿဒ္ဓေ၊ သဒ္ဓါတရားမရှိကုန်သော။ မာတာပိတရော၊ တို့ကို။ သဒ္ဓါသမ္ပဒါယ၊ သဒ္ဓါတရား၏ ပြည့်စုံခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ နိဝေသေတိ၊ ဝင်စေ၏။ ဝါ၊ သွင်းသွား၏။ ပတိဋ္ဌာပေတိ၊ တည်စေ၏။ ဒုဿီလေ၊ သီလမရှိကုန်သော။ မာတာပိတရော၊ တို့ကို(လိုက်စေ)။ သီလသမ္ပဒါယ၊ သီလ၏ ပြည့်စုံခြင်း၌။ (သမာဒပေတိ၊ ၏။ နိဝေသေတိ၊ ၏။ ပတိဋ္ဌာပေတိ၊ ၏။) [ ဤကြိယာသုံးချက် အနက်တူပေး။ ] မစ္ဆရိံ၊ ဝန်တိုခြင်းရှိကုန်သော။ မာတာပိတရော၊ တို့ကို(လိုက်စေ)။ စာဂသမ္ပဒါယ၊ စွန့်ကြဲခြင်း၏ ပြည့်စုံခြင်း၌။ သမာဒပေတိ၊ ၏။ နိဝေသေတိ၊ ၏။ ပတိဋ္ဌာပေတိ၊ ၏။ ဒုပ္ပညေ၊ ပညာ မရှိကုန်သော။ မာတာပိတရော၊ တို့ကို။ (လိုက်စေ)။ ပညာသမ္ပဒါယ၊ ပညာ၏ ပြည့်စုံခြင်း၌။ သမာဒပေတိ၊ ၏။ နိဝေသေတိ၊ ၏။ ဘိက္ခဝေ၊ တို့။ (တေန၊ ထိုသားသမီးသည်) ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ချီးမြှောက်ခြင်းဖြင့်။ မာတာပိတုန္နံ၊ တို့အား။ ကတဉ္စ၊ ကျေးဇူးအထူးကိုပြု အပ်သည်လည်းကောင်း။ ပဋိကတဉ္စ၊ ကျေးဇူးတုံ့ကို ပြုအပ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

အထ ခေါ၊ ထိုအခါ၌။ အညတရော၊ မထင်ရှားသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ရှိ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ အတူတကွ။ သမ္မောဒိ၊ ဝမ်းမြောက် ဝမ်းသာ ပြောဆို၏။ သမ္မောဒနီယံ၊ ဝမ်းမြောက်ထိုက်သော။ သာရဏီယံ၊ အသက်ယက်ဆုံး အောက်မေ့ထိုက်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေ၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌။ နိသီဒိ၊ ထိုင်နေ၏။ ဧကမန္တံ၊ ၌။ နိသိန္နော၊ သော။ သော၊ ဗြာဟ္မဏော၊ သည်။ ဘဂဝန္တံ၊ ကို။ 'ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ ကိံဝါဒီ၊ အဘယ်သို့ဆိုလေ့ရှိသနည်း။ ကိံ၊ အဘယ်သို့သော အကျင့်ကို။ အက္ခာယီ၊ ဟောကြားလေ့ရှိသနည်း"။ ဣတိ

ဇေတံ-ဝစနံ၊ ဤသို့သောစကားကို။ အဝေါစ၊ မေးမြန်းလျှောက်ထား၏။ "ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါသည်။ ကိရိယဝါဒီ စ၊ ပြုအင်၏ဟု ဆိုလေ့လည်းရှိ၏။" အကိရိယဝါဒီ စ၊ မပြုအပ်ဟု ဆိုလေ့လည်း ရှိ၏။ ဣတိ၊ ဤသို့။ (အဝေါစ၊ မိန့်တော်မူ၏။) "ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ ယထာ ကထံ ပန၊ အဘယ်သို့လျှင်။ ကိရိယဝါဒီ စ၊ ပြုအပ်၏ဟု ဆိုလေ့လည်းရှိသနည်း၊ အကိရိယဝါဒီ စ၊ မပြုအပ်ဟု ဆိုလေ့လည်း ရှိသနည်း"။ ဣတိ၊ ဤသို့။ (အဝေါစ၊ လျှောက်ထား၏)။

"ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ သည်။ ကာယဒုစ္စရိတသ၊ ကာယဒုစရိုက်ကိုလည်းကောင်း။ ဝစီဒုစ္စရိတဿ၊ ဝစီဒုစရိုက်ကိုလည်းကောင်း။ မနောဒုစ္စရိတဿ၊ မနောဒုစရိုက်ကိုလည်းကောင်း။ အကိရိယံ၊ မပြုအပ်ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ အနေကဝိဟိတာနံ၊ များသော အပြားရှိကုန်သော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အကိရိယံ၊ မပြုအပ်ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါသည်။ ခေါ၊ စင်စစ်။ ကာယသုစရိတဿ၊ ကာယသုစရိုက်ကိုလည်းကောင်း။ ဝစီသုစရိတဿ၊ ဝစီသုစရိုက်ကိုလည်းကောင်း။ မနောသုစရိတဿ၊ မနောသုစရိုက်ကိုလည်းကောင်း။ ကိရိယံ၊ ပြုအပ်၏ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ အနေကဝိဟိတာနံ၊ များသော အပြားရှိကုန်သော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ကိရိယံ၊ ပြုအပ်၏ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝံ ခေါ၊ ဤသို့လျှင်။ အဟံ၊ ငါဘုရားသည်။ ကိရိယဝါဒီ စ၊ ပြုအပ်၏ဟု ဆိုလေ့လည်းရှိ၏။ အကိရိယဝါဒီ စ၊ မပြုအပ်ဟုဆိုလေ့လည်းရှိ၏။ ဣတိ၊ ဤသို့။ (အဝေါစ၊ မိန့်တော်မူ၏)။

ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန်နှစ်သက်ဖွယ် ရှိပေစွ။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ အဘိက္ကန္တံ၊ အလွန် ဝမ်းမြောက်ဖွယ်ရှိပေစွ။ ဘော ဂေါတမ။ အရှင်ဂေါတမ၊ သေယျထာပိ၊ ဥပမာမည်သည်ကား။ နိက္ကုဇ္ဇိတံ ဝါ၊ မှောက်၍ ထားအပ်သော ဝတ္ထုကိုလည်း။ ဥက္ကုဇ္ဇေယျသေယျထာပိ၊ ထက်အောက်ပြန်ကာ လှန်ရာ

သကဲ့သို့လည်းကောင်း။ ပဋိစ္ဆန္နံ ဝါ၊ တိုက်နံရံ မြက် သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်းထားအပ်သော ဝတ္ထုကိုလည်း။ ဝိဝရေယျ သေယျထာပိ၊ ဖွင့်လှစ်ရာသကဲ့သို့လည်းကောင်း။ မူဠှဿ၊ ခရီးမှားသော သူအား။ မဂ္ဂံ ဝါ၊ ခရီးလမ်းမကိုလည်း။ အာစိက္ခေယျ သေယျထာပိ၊ လက်ငင်ဆွဲ၍ငြားသည့်သို့ သွားဟု ပြောကြားရာသကဲ့သို့လည်းကောင်း။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ (ဓာရိယမာနေ၊ ညှိထွန်းပြောင်ပြောင် ထောင်အပ်သည်ရှိသော်)။ စက္ခုမန္တော၊ မျက်စိအမြင်ရှိသောသူတို့သည်။ ရူပါနိ၊ ရူပါရုံတို့ကို။ ဒက္ခန္တိ၊ မြင်ကြရကုန်လိမ့်မည်။ (တထာ၊ ထိုသို့သောအခြင်းအရာဖြင့်)။ အန္ဓကာရေ၊ မမြင်မစွမ်း ကန်းခြင်းကိုပြုတတ်သောအမိုက်မှောင်၌။ တေလပဇ္ဇောတံ ဝါ၊ ဆီမီးတန်ဆောင်ကိုလည်း။ ဓာရေယျ သေယျထာပိ၊ ညှိထွန်းပြောင်ပြောင် ထောင်ရာသကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။ ဘောတာ ဂေါတမေန၊ အရှင်ဂေါတမသည်။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ ဓမ္မော၊ ဤတရားတော်ကို။ ပကာသိတော၊ ထင်ရှားပြအပ်ပေပြီ။ သောဟံ ဧသောအဟံ၊ ထိုတပည့်တော်သည်။ ဘဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကို။ သရဏံ-သရဏံ ဂစ္ဆတိ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ သရဏံ-သရဏံ ဂစ္ဆတိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဘဝံ ဂေါတမော၊ အရှင်ဂေါတမသည်။ မံ၊ တပည့်တော်ကို။ အဇ္ဇ၊ ယနေ့ကို။ အဂ္ဂေအာဒိံ ကတွာ၊ အစပြု၍။ ပါဏုပေတံ၊ အသက်နှင့် ပြည့်စုံသမျှကာလပတ်လုံး။ (ရတနတ္တယံ၊ ရတနာသုံးပါးအပေါင်းကို)။ သရဏံ-သရဏံ ဂစ္ဆတိ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ဂတံ၊ ဆည်းကပ်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတု၊ မှတ်တော်မူပါ။ ဣတိ၊ ဤသို့။ (အဝေါစ၊ နားတော်လျှောက်၏။)

ဒုကနိပါတ သမစိတ္တဝဂ္ဂနိဿယ ပြီး၏။

# အင်္ဂုတ္တရနိကာယ် ကောက်နုတ်ချက်

## စတုက္ကနိပါတ် ပတ္တကမ္မဝဂ်

## အဓမ္မိကသုတ် နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ရာဇာနော၊ မင်းတို့သည်။ အဓမ္မိကာ၊ တရားမစောင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မိံ သမယေ၊ ထိုမင်းတို့ တရားမစောင့်သော အခါ၌။ ရာဇယုတ္တာပိ၊ မင်းနှင့်စပ်သော မှူးမတ်တို့သည်လည်း။ အဓမ္မိကာ၊ တရားမစောင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မိံ သမယေ၊ ၌။ ရာဇယုတ္တေသု၊ မင်းနှင့်စပ်သော မှူးမတ်တို့သည်။ အဓမ္မိကေသု၊ တရားမစောင့်ကုန်လတ်သော်။ ဗြာဟ္မဏဂဟပတိကာပိ၊ ပုဏ္ဏား သူကြွယ်တို့သည်လည်း။ အဓမ္မိကာ၊ ကုန်သည်။ ဟောန္တိ၊ ၏။ တသ္မိံ သမယေ၊ ထိုပုဏ္ဏား သူကြွယ်တို့ တရားမစောင့်သောအခါ၌။ ဗြာဟ္မဏဂဟပတိကေသု၊ တို့သည်။ အဓမ္မိကေသု၊ ကုန်လတ်သော်။ နေဂမဇာနပဒါပိ၊ နိဂုံး ဇနပုဒ်၌ နေကြကုန်သောသူတို့သည်လည်း။ အဓမ္မိကာ၊ ကုန်သည်။ ဟောန္တိ၊ ၏။ နေဂမဇာနပဒေသု၊ တို့သည်။ အဓမ္မိကေသု၊ ကုန်လတ်သော်။ စန္ဒိမသူရိယာ၊ လ နေတို့သည်။ ဝိသမံ၊ မညီမညွတ်၊ ပရိဝတ္တန္တိ၊ လှည့်လည်ကြကုန်၏။ စန္ဒိမသူရိယေသု၊ တို့သည်၊ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တေသု၊ ကုန်လတ်သော်။ နက္ခတ္တာနိ၊ နက္ခတ်တို့သည်လည်းကောင်း။ တာရကရူပါနိ၊ ကြယ်တာရာအပေါင်းတို့သည်လည်းကောင်း။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တိ၊ လှည့်လည်ကြကုန်၏။ နက္ခတ္တေသု၊ တို့သည်လည်းကောင်း။ တာရကရူပေသု၊ တို့သည်လည်းကောင်း။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တေသု၊ ကုန်လတ်သော်။ ရတ္တိန္ဒိဝါ၊ ညဉ့်နေ့တို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တိ၊ လှည့်လည်ကြကုန်၏။ ရတ္တိန္ဒိဝေသု၊ တို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တေသု၊ ကုန်လတ်သော်။ မာသဒ္ဓမာသာ၊ တလ၊ လခွဲတို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တိ၊ ကုန်၏။ မာသဒ္ဓ-

မာသေသု၊ တို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တေသု၊ ကုန်လတ်သော်။ ဥတုသံဝစ္ဆရာ၊ ဥတု၊ နှစ်တို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တိ၊ ကုန်၏။

ဥတုသံဝစ္ဆရေသု၊ တို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တေသု၊ ကုန်လတ်သော်။ ဝါတာ၊ လေတို့သည်။ ဝိသမံ၊ မညီမညွတ်။ ပရိဝတ္တန္တိ၊ ကုန်၏၊ ဝါတာ၊ လေတို့သည် (လိုက်)။ ဝိသမာ၊ မညီမညွတ်ကြကုန်သည်ဖြစ်၍။ အပဉ္စသာ၊ လမ်းမှန်သို့ မသွားကြကုန်သည်။ (ဟောန္တိ၊ ကုန်၏။) ဝါတေသု၊ လေတို့သည်။ ဝိသမံ၊ မညီမညွတ်။ ဝါယန္တေသု၊ တိုက်ခတ်ကုန်လတ်သော်၊ ဝိသမေသု၊ မညီမညွတ်ကုန်သည်ဖြစ်၍။ အပဉ္စသေသု၊ လမ်းမှန်မသွားကြကုန်လတ်သော်။ ဒေဝတာ၊ နတ်တို့သည်။ ပရိကုပိတာ၊ အမျက်ထွက်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဒေဝတာသု၊ တို့သည်။ ပရိကုပိတာသု၊ အမျက်ထွက်ကုန်လတ်သော်။ ဒေဝေါ၊ မိုးသည်။ သမ္မာ၊ ကောင်းစွာ။ ဓာရံ၊ မိုးရေအလျဉ်ကို။ န အနုပ္ပဝေစ္ဆတိ၊ မရွာသွန်း။ ဒေဝေ၊ မိုးသည်။ သမ္မာ။ ကောင်းစွာ။ ဓာရံ၊ မိုးရေအလျဉ်ကို။ န အနုပ္ပဝေစ္ဆန္တေ၊ မရွာသွန်းသည်ရှိသော်။ သဿာနိ၊ ကောက်တို့သည်။ ဝိသမပါကာနိ၊ မညီမညွတ် မှည့်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဝိသမပါကာနိ၊ မညီမညွတ်မှည့်ကုန်သော။ သဿာနိ၊ ကောက်တို့ကို။ ပရိဘုဉ္ဇန္တာ၊ သုံးဆောင်ကြကုန်သော။ မနုဿာ၊ လူတို့သည်။ အပ္ပာယုကာ စ၊ နည်းသောအသက်ရှိကုန်သည်လည်းကောင်း။ ဝါ၊ အသက်တိုကုန်သည်လည်းကောင်း။ ဒုဗ္ဗဏ္ဏာ စ၊ အဆင်းမလှကုန်သည်လည်းကောင်း။ ဗဟွာဗာဓာ စ၊ များသောအနာရှိကုန်သည်လည်းကောင်း။ ဟောန္တိ၊ ကုန်၏။

ဘိက္ခဝေ၊ တို့။ ။ပ။ ဓမ္မိကာ၊ တရားစောင့်ကုန်သည်။ ။ပ။ တသ္မိံ သမယေ၊ ထိုမင်းတို့တရားစောင့်သောအခါ၌။ ။ပ။ ရာဇယုတ္တာပိ၊ မင်းနှင့်စပ်သော မှူးမတ်တို့သည်လည်း။ ။ပ။ တသ္မိံ သမယေ၊ ထိုမှူးမတ်တို့ တရားစောင့်သောအခါ၌။ ဗြာဟ္မဏဂဟပတိကာပိ၊ ပုဏ္ဏား သူကြွယ်တို့သည်လည်း။ ။ပ။ တသ္မိံ သမယေ၊ ထိုပုဏ္ဏား သူကြွယ်တို့ တရားစောင့်သောအခါ၌။ နေဂမဇာနပဒါပိ၊ တို့သည်လည်း။ ။ပ။ သမံ၊ အညီ

အညွှတ်။ ။ပ။ ပဋ္ဌသာ၊ လမ်းမှန်သွားကြကုန်၏။ ။ပ။ အပရိကုပိတာ၊ အမျက်မထွက်ကြကုန်သည်။ ။ပ။ အနုပ္ပဝေစ္ဆတိ၊ ရှာသွန်း၏။ ။ပ။ အနုပ္ပဝေစ္ဆန္တေ၊ ရှာသွန်းလတ်သော်။ သဿာနိ၊ ကောက်တို့သည်။ သမ္ပါကာနိ၊ အညီအညွှတ်မှည့်ကုန်သည်။ ။ပ။ ဒီဃာယုကာ စ၊ အသက်ရှည်ကုန်သည်လည်းကောင်း။ ဝဏ္ဏဝန္တော စ၊ အဆင်းလှကုန်သည်လည်းကောင်း။ဗလဝန္တော စ၊အားရှိကြကုန်သည်လည်းကောင်း။အပ္ပာဗာဓာ စ၊ နည်းသောအနာရှိကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဣတိ၊ ဤသို့။ (အဓမ္မိက၊ မိန့်တော်မူ၏။)

၁။ တရမာနာနံ၊ မြစ်ကို ကူးကုန်သော။ ဂုန္နံ၊ နွားတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ ဇိမှံ၊ ကောက်တကျင်။ ဝါ၊ ကွေ့ကွေ့ကောက်ကောက်။ စေ ဂစ္ဆတိ၊ အကယ်၍ သွားသည်ဖြင်အံ့။ နေတ္တေ၊ ရှေ့ဆောင်နွားလားသည်။ ဇိမှံ၊ ကောက်တကျစ်။ ဝါ၊ ကွေ့ကွေ့ကောက်ကောက်။ ဂတေ၊ သွားသည်။ သတိ၊ ရှိလတ်သော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထိုနွားမတို့သည်။ ဇိမှံ၊ ကောက်တကုစ်။ ဝါ၊ ကွေ့ကွေ့ကောက်ကောက်။ ဂစ္ဆန္တိ၊ သွားကြကုန်၏။

၂။ ဧဝမေဝံ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော၊ အကြင်သူသည်။ သေဋ္ဌသမ္မတော၊ မြတ်သူဟုသမုတ်အပ်သူသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမြတ်သူဟုသမုတ်အပ်သူသည်။ အဓမ္မံ၊ တရားမဟုတ်သည်ကို။ စေ စရတိ၊ အကယ်၍ ကျင့်သည်ဖြစ်အံ့။ ဣတရာ၊ မြတ်သောသူမှအပါးသော။ ပဇာ၊ သတ္တဝါအပေါင်းသည်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ရဋ္ဌာ၊ မင်းသည်။ အဓမ္မိကော၊ တရားမစောင့်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သဗ္ဗံ၊ အလုံးစုံသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံသူအပေါင်းသည်။ ဒုက္ခံ၊ ဆင်းရဲငြိုငြင်စွာ။ သေတိ၊ အိပ်နေရ၏။

၃။ တရမာနာနံ၊ မြစ်ကိုကူးကုန်သော။ ဂုန္နံ၊ နွားတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ ဥဇုံ၊ ဖြောင့်ဖြောင့်။

စေဂစ္ဆတိ၊ အကယ်၍ သွားသည်ဖြစ်အံ့။ နေတွော၊ ရွှေဆောင်နွား လားသည်။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ဂစ္ဆတေ၊ သွားသည်။ သတိ၊ ရှိလတ်သော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထိုနွားမ တို့သည်။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ဂစ္ဆန္တိ၊ သွားကြကုန်၏။

၄။ ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော၊ အကြင်သူသည်၊ သေဋ္ဌသမ္မတော၊ မြတ်သူဟု သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမြတ်သူဟု သမုတ်အပ်သူသည်။ ဓမ္မံ၊ တရားဟုဘ်သည်ကို၊ သစေ စရတိ၊ အကယ်၍ ကျင့်သည်ဖြစ်အံ့။ ပဂေဝ၊ ဤမြတ်သူမှ တပါးသော၊ ပဇာ၊ သတ္တဝါအပေါင်းသည်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရှိပါအံ့နည်း။ ရာဇာ၊ မင်းသည်။ ဓမ္မိကော၊ တရားစောင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သဗ္ဗံ၊ အလုံးစုံသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံသူ အပေါင်းသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်နေရ၏။

ပတ္တကမ္မဝဂ်် အဓမ္မိကသုတ် နိဿယ

ပြီး၏။

# ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော် ကောက်နုတ်ချက်

## ယမကဝဂ္ဂ နိဿယ

### ၁။ စက္ခုပါလတ္ထေရဝတ္ထု

၁။ ဓမ္မာ၊ စေတသိက် ခန္ဓာတရား သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်သာလျှင် ရှေ့သွားခေါင်းဆောင်ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာလျှင်အမြတ်ရှိကုန်၏။ မနောမယာ၊ စိတ်ကြောင့်ပြီးစီးရကုန်၏။ ပဒုဋ္ဌေန၊ အဘိဇ္ဈာအစရှိသော အပြစ်တို့သည်ဖျက်ဆီးအပ်သော။ မနသာ၊ စိတ်ဖြင့်။ စေ ဘာသတိ ဝါ၊ အကယ်၍မူလည်း ပြောဆိုအံ့။ စေ ကရောတိ ဝါ၊ အကယ်၍မူလည်းပြုလုပ်အံ့။ တတော၊ ထိုသို့ ပြောဆိုပြုလုပ်ခြင်းကြောင့်။ နံ၊ ထိုပုဂ္ဂိုလ်သို့။ ဒုက္ခံ၊ ဆင်းရဲသည်။ အန္ဝေတိ၊ အစဉ်တစိုက်လိုက်၏။ (ကိမိဝ၊ အဘယ်ကဲ့သို့နည်း။) ဝဟတော၊ ဝန်ဆောင်နွားလား၏။ ပဒံ၊ ခြေသို့။ စက္ကံ၊ လှည်းဘီးသည်။ (အန္ဝေတိ ဣဝ၊ အစဉ်တစိုက်လိုက်သကဲ့သို့တည်း။)

### ၂။ မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ ဓမ္မာ၊ စေတသိက်ခန္ဓာတရား သုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာလျှင် အမြတ်ရှိကုန်၏။ မနောမယာ၊ စိတ်ကြောင့်ပြီးစီးရကုန်၏။ ပသန္နေန၊ အနဘိဇ္ဈာ အစရှိသော ဂုဏ်တို့ကြောင့် ကြည်လင်သော။ မနသာ၊ စိတ်ဖြင့်။ စေ ဘာသတိ ဝါ၊ အကယ်၍မူလည်းပြောဆိုအံ့။ စေ ကရောတိ ဝါ၊ အကယ်၍မူလည်းပြုလုပ်အံ့။ တတော၊ ထိုသို့ပြောဆို ပြုလုပ်ခြင်းကြောင့်။ နံ၊ ထိုပုဂ္ဂိုလ်သို့။ သုခံ၊ ချမ်းသာသည်။ အန္ဝေတိ၊ အစဉ်တစိုက်လိုက်၏။ (ကိမိဝ၊ နည်း။) အနုပါယိနီ၊ အစဉ်တစိုက်လိုက်ခြင်းရှိသော။ ဆာယာဝ (ဆာယာ+ဣဝ)၊ အရိပ်ကဲ့သို့တည်း။

## ၃။ တိဿတ္ထေရဝတ္ထု

၃။ မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ ဆဲရေးဖူးပြီ။ မံ၊ ကို။ အဝဓိ၊ ပုတ်ခတ်ဖူးပြီ။ မံ၊ ကို။ အဇိနိ၊ အောင်ဖူးပြီ။ ဝါ၊ နိုင်ဖူးပြီ။ မေ၊ ငါ၏ဥစ္စာကို။ အဟာသိ၊ ဆောင်ဖူးပြီ။ (ဣတိ၊ ဤသို့တွေး၍။) ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ တံ၊ ထိုကောဓကို။ ဝါ၊ ထိုရန်ငြိုးကို။ ဥပနယှန္တိ၊ ဖွဲ့ကြကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ ဝေရံ၊ ရန်သည်၊ န သမ္မတိ၊ မငြိမ်းအေးနိုင်။

၄။ အက္ကောစ္ဆိ မံ၊ အဝဓိ မံ၊ အဇိနိ မံ၊ အဟာသိ မေ။ ယေ၊ တို့သည်။ တံ၊ ကို။ နုပနယှန္တိ၊ မဖွဲ့ကြကုန်။ တေသံ၊ တို့၏။ ဝေရံ၊ သည်။ ဥပသမ္မတိ၊ ငြိမ်းအေးနိုင်၏။

## ၄။ ကာဠယက္ခိနီဝတ္ထု

၅။ ဟိ၊ မှန်၏။ ဣဓ၊ ဤလောက၌။ ဝေရေန၊ ရန်တုံ့မူသဖြင့်။ ဝေရာ-နိ၊ ရန်တို့သည်၊ ကုဒါစနံ၊ တစုံတခုသောအခါ၌။ ဝါ၊ ဘယ်အခါ၌မျှ။ န သမ္မန္တိ၊ မငြိမ်းအေးနိုင်ကုန်။ အဝေရေန၊ ရန်တုံ့မမူသဖြင့်။ ဝေရာနိ၊ ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းအေးနိုင်ကုန်၏။ ဧသ ဓမ္မော၊ ရန်ကိုရန်ချင်း မတုံ့လျှင်းမှ ငြိမ်းအေးနိုင်ခြင်းဟူသော ဤသဘောသည်။ သနန္တနော၊ ရှေး၌ဖြစ်သောသဘောတည်း။ ဝါ၊ ရှေးဟောင်းထုံးစံတည်း။

## ၅။ ကောသမ္ဗက ဝတ္ထု

၆။ စ၊ ထိုသို့ ရန်ကိုရန်ချင်း မတုံ့လျှင်းမှ ငြိမ်းအေးခြင်းသာ ရှေးထုံးရှိပါသော်လည်း။ ပရေ၊ လိမ္မာမြင်သိ ပညာရှိမှတပါး အခြားသော ခိုက်ရန်ပြုတတ်သူတို့သည်။ ဧတ္ထ၊ ဤသံဃာ့အလယ်၌။ မယံ၊ ငါတို့သည်။ ယမာမသေ၊ ဖဲခွာရှောင်ရှား ပျက်ဆုံးပါးလျက် သေမင်းထံသို့ မပြတ်သွားနေကြရပါကုန်၏။ (ဣတိ၊ ဤသို့။) န ဝိဇာနန္တိ၊ မသိကြကုန်။ ယေ စ၊ လိမ္မာမြင်သိ အကြင်ပညာရှိတို့သည်ကား။ တတ္ထ၊ ထိုသံဃာ့အလယ်၌။ (မယံ၊ တို့သည်။ ယမာမသေ၊ ကုန်၏။ ဣတိ၊ သို့။) ဝိဇာနန္တိ၊ သိကြကုန်၏။ တတော၊ ထိုသို့ သိခြင်းကြောင့်။ ဝါ၊ ထိုသို့သိ၍ ကျင့်ကြခြင်းကြောင့်။ မေဓဂါ၊ ခိုက်ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းအေးရကုန်၏။

၆။ (တနည်း) ဧ၊ ထိုသို့ ရန်ကိုရန်ချင်း မတုံ့လျှင်းမှု ငြိမ်းအေးသော ရှေးထုံးရှိပါသော်လည်း။ ပရေ၊ ဘုရား၏ဩဝါဒကို လိုက်နာသော အတွင်းသာဝကမှတပါး မလိုက်နာသော သူစိမ်းပြင်ပ ဖြစ်ကြသူတို့သည်။ ဧတ္ထ၊ ဤသံဃာ့အလယ်၌၊ မယံ၊ တို့သည်။ ယမာမသေ၊ ခိုက်ရန်တိုးပွားအောင် ကြိုးစားနေကြပါကုန်၏။ (ဣတိ၊ သို့) န ဝိဇာနန္တိ၊ မသိကြကုန်။ ယေ စ၊ အကြင်လိမ္မာမြင်သိ ပညာရှိတို့သည်ကား။ (မယံ၊ ငါတို့သည်။ ယမာမသေ၊ ခိုက်ရန်တိုးပွားအောင် ကြိုးစားနေကြပါကုန်၏။ ဣတိ၊ ဤသို့။) ဝိဇာနန္တိ၊ သိကြကုန်၏။ တတော၊ ထိုသို့သိခြင်းကြောင့်။ ဝါ၊ ထိုသို့သိ၍ ကျင့်ခြင်းကြောင့်။ မေဓဂါ၊ ခိုက်ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းအေးကုန်၏။

## ၆။ မဟာကာဠတ္ထေရဝတ္ထု

၇။ သုဘာနုပဿိံ၊ သုဘကို အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဣန္ဒြိယေသု၊ စက္ခုစသား ခြောက်ပါးသော ဣန္ဒြေတို့၌။ အသံဝုတံ၊ စောင့်စည်းခြင်းမရှိထသော။ ဝါ၊ မစောင့်စည်းထသော။ ဘောဇနမှိ၊ ဘောဇဉ်၌။ ဝါ၊ ဘောဇဉ်ကိုမှတ် အရပ်ရပ်သော ပစ္စည်း၌။ အမတ္တညုံ စ၊ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော ၃-ဌာနတို့၌ အတိုင်းအရှည်ပမာဏကို မသိထသော။ ကုသီတံ၊ စက်ဆုပ်အပ်စွာ အရာရာ၌ ဆုတ်နစ်ထသော။ (တနည်း) ကုသီတံ၊ ပျင်းရိသည့်အတွက် ဆဲရေးအပ်ထသော။ ဟီနဝီရိယံ၊ ယုတ်ညံ့သော ဝီရိယရှိထသော။ ဝါ၊ ဝီရိယမရှိထသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝါတော၊ အားကြီးသောလေသည်။ ဒုဗ္ဗလံ၊ အားမရှိသော။ ရုက္ခံ၊ သစ်ပင်ကို။ (ပသဟတိ) ဣဝ၊ လွှမ်းမိုးသကဲ့သို့။ (ဧဝံ၊ တူ။) မာရော၊ ကိလေသမာရ်သည်။ ဝေ၊ စင်စစ်။ ပသဟတိ၊ လွှမ်းမိုး၏။

၈။ အသုဘာနုပဿိံ၊ အသုဘကို အဖန်ဖန်ရှုသည်ဖြစ်၍။ ဝိဟရန္တံ၊ နေထသော။ ဣန္ဒြိယေသု၊ စက္ခုစသား ၆-ပါးသော ဣန္ဒြေတို့၌။ သုသံဝုတံ၊ ကောင်းစွာစောင့်စည်းခြင်း ရှိထသော။ ဝါ၊ ကောင်းစွာစောင့်စည်းထ

သော။ ဓောဇနမို၊ ဓောဇဉ်၌။ ဝါ၊ ဓောဇဉ်ကိုမှတ် အရပ်ရပ်သော ပဋ္ဋသည်း၌။ မတ္တညုံ ၊ စ၊ ရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော ဌာနတို့၌ အတိုင်းအရှည်ပမာဏကို သိထသော။ သဒ္ဓံ ၊ ကံ,ကံ၏အကျိုးကို ယုံကြည်သော လောကီသဒ္ဓါ, ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို သက်ဝင်ယုံကြည်သော လောကုတ္တရာ သဒ္ဓါရှိသော။ အာရဒ္ဓဝီရိယံ၊ အားထုတ်အပ်သော ဝီရိယရှိထသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝါတော၊ အားမရှိသောလေသည်။ သေလံ၊ ကျောက်အတိပြီးသော။ ပဗ္ဗတံ၊ တောင်ကို။ နပ္ပသဟတိ ဣဝ၊ မလှုပ်မိုးနိုင်သကဲ့သို့။ (တထာ၊ ထို့အတူ။) မာရော၊ ကိလေသမာရ်သည်။ ဝေ၊ စင်စစ်။ နပ္ပသဟတိ၊ မလှုပ်မိုးနိုင်။

## ၇။ ဒေဝဒတ္တဝတ္ထု

၉။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အနိက္ကသာဝေါ၊ ကိလေသာဟူ ဖန်ရည်မရှိသူ မဟုတ်ပါပဲ။ ဒမသစ္စေန၊ ဣန္ဒြေတို့ကို ဆုံးမခြင်း, မှန်ကန်သော ဝစီသစ္စာမှ။ အပေတော၊ ကင်းသည်။ (ဟုတွာ၊ ဖြစ်၍။) ကာသာဝံ၊ ဖန်ရည်ဖြင့် ဆိုးအပ်သော။ ဝတ္ထံ၊ အဝတ်ကို။ ပရိဒဟိဿတိ၊ ဝတ်ရုံသုံးစွဲ၏။ အနိက္ကသာဝေါ၊ ကိလေသာဟူ ဖန်ရည်မရှိသူ မဟုတ်ပါပဲ။ ကာသာဝံ၊ ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းကို။ ပရိဒဟန္တော၊ ဝတ်ရုံသုံးစွဲသော။ ဒမသစ္စေန၊ ဣန္ဒြေတို့ကို ဆုံးမခြင်း, မှန်ကန်သော ဝစီသစ္စာမှ။ အပေတော၊ ကင်းသော။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကာသာဝံ၊ ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းကို။ (ပရိဒဟိတုံ၊ ဌာ။) န အရဟတိ၊ မထိုက်။

၁၀။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဝန္တကသာဝေါ၊ မဂ်လေးတန်ဖြင့် ထွေးအန်အပ်ပြီးသော ကိလေသာဖန်ရည်ရှိသည်။ ဝါ၊ ကိလေသာဖန်ရည်ကို မဂ်လေးတန်ဖြင့် ထွေးအန်ပြီးသည်။ သီလေသု၊ စတုပါရိ,သုဒ္ဓိလေးဖြာ, သိက္ခာသီလတို့၌။ သုသမာဟိတော၊ ကောင်းစွာထားအပ်သော စိတ်ရှိသည်။ ဝါ၊ ကောင်းစွာတည်သည်၊ ဒမသစ္စေန၊ ဣန္ဒြေတို့ကို ဆုံးမခြင်း, ဝစီသစ္စာသည်။ ဝါ၊ ဣန္ဒြေတို့ကိုဆုံးမခြင်း ဝစီသစ္စာနှင့်။

ဥပေတော၊ ကပ်ရောက်အပ်သည်။ ဝါ၊ ပြည့်စုံသည်။ အသ၊ ဖြစ်ရာ၏။ ဝန္တကသာဝေါ၊ မင်္ဂလေးတန်ဖြင့် ထွေးအန်အပ်ပြီးသော ကိလေသာဖန်ရည်ရှိသော။ ဝါ၊ ကိလေသာဖန်ရည်ကို မင်္ဂလေးတန်ဖြင့် ထွေးအန်ပြီးသော။ သီလေသု၊ စတုပါရိ, သုဒ္ဓိလေးဖြာ, သိက္ခာသီလတို့၌။ သုသမာဟိတော၊ ကောင်းစွာထားအပ်သော စိတ်ရှိသော။ ဝါ၊ ကောင်းစွာတည်သော။ ဒမသစ္စေန၊ ဣန္ဒြေတို့ကို ဆုံးမခြင်း, ဝစီသစ္စာသည်။ ဝါ၊ နှင့်။ ဥပေတော၊ ကပ်ရောက်အပ်သော။ ဝါ၊ ပြည့်စုံသော။ သ(သော)၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ကာသာဝံ၊ ဖန်ရည်တပ်စွန်း, ဝတ်သင်္ကန်းကို။ (ပရိဒဟိတုံ၊ ဝတ်ရုံသုံးစွဲခြင်းငှာ။) အရဟာတိ၊ ထိုက်၏။

## ၈။ သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အသာရေ၊ အနှစ်မမှီး, အချည်းနှီးသော,ပစ္စည်းလေးဖြာ, မိစ္ဆာဒိဋ္ဌိ,ထို၏ဖြစ်ကြောင်း,မကောင်းသောတရား ဒေသနာ၌။ သာရမတိနော၊ အနှစ်ဟုပင်, မှတ်ထင်ခြင်း ရှိကြကုန်သော။ သာရေ၊ အနှစ်ပြည့်စွာ, သမ္မာဒိဋ္ဌိ, ထို၏ဖြစ်ကြောင်း, ကောင်းသော တရားဒေသနာတော်၌။ အသာရဒဿိနော စ၊ အနှစ်မဲ့ဟု မြင်လေ့ရှိကြသည်လည်း ဖြစ်ကုန်သော။ တေ၊ ထိုအမှားကိုပင်, အမှန်ထင်ရှု, အမြင်လွဲကြ, လူ့ဗာလတို့သည်။ မိစ္ဆာသင်္ကပ္ပဂေါစရာ၊ ကာမဗျာပါ,ဝိဟိံသာဟု, မိစ္ဆာကြံလျှင် ကျက်စားရာရှိကြကုန်သည်။(ဟုတွာ၊ ဖြစ်၍။) သာရံ၊ သီလ သမာဓိ, နိဗ္ဗာန်ထိအောင်, ကောင်းဘိကျင်လျစ်, အဆီနှစ်တရားကို။ နာဓိဂစ္ဆန္တိ၊ ကောင်းစွာပိုင်ပိုင် မရနိုင်ကြကုန်။

၁၂။ စ၊ သုက္ကပက္ခကား။ သာရံ၊ အနှစ်ပြည့်စွာ, သမ္မာဒိဋ္ဌိ, ထို၏ဖြစ်ကြောင်း, ကောင်းသောတရားတော်ကို။ သာရတော၊ အဆီအနှစ်အားဖြင့်။ ဉတွာ စ၊ သိ၍လည်းကောင်း။ အသာရံ၊ အနှစ်မမှီး, အချည်းနှီးသော, ပစ္စည်းလေးဖြာ, မိစ္ဆာဒိဋ္ဌိ, ထို၏ဖြစ်ကြောင်း, မကောင်းသော တရားဒေနာတော်ကို။ အသာရတော၊ အနှစ်မဟုတ်သော အားဖြင့်။ (ဉတွာ စ၊ သိ၍လည်းကောင်း။) တေ၊ ထိုအမှန်ကိုပင်, ကောင်းစွာမြင်

၍, အစဉ်ကြိုးကုတ် အားထုတ်သော ပညာရှိတို့သည်။ သမ္မာသင်္ကပ္ပ-ဂေါစရာ၊ နေက္ခမ္မနှင့် အဗျာပါဒ၊ အဝိဟိံသာဟု သမ္မာအကြံလျှင် ကျက်စားရာရှိကြကုန်သည်။ (ဟုတွာ၊ ဖြစ်၍။) သာရံ၊ သီလသမာဓိ,နိဗ္ဗာန် ထိအောင် ကောင်းဘိကျစ်လျစ် အဆီအနှစ်တရားကို။ အဓိဂစ္ဆန္တိ၊ ကောင်းစွာပိုင်ပိုင် ရနိုင်ကြကုန်၏။

## ၉။ နန္ဒတ္ထေရဝတ္ထု

၁၃။ ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ ဝါ၊ မပိတ်မသဲ ကျဲတဲ ကျိုးတိုး မိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ သမတိဝိဇ္ဈတိ ယထာ၊ လွန်စွာထိုးဖောက်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အဘာဝိတံ၊ သမထဝိပဿနာ ဘာဝနာတို့ဖြင့် မတိုးပွားစေအပ်သော။ ဝါ၊ သမထဝိပဿနာ ဘာဝနာတို့ဖြင့် မထုံမွန်းအပ်သော။ စိတ္တံ။ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ ဝါ၊ ရာဂကိုမှတ် အရပ်ရပ်သောကိလေသာသည်။ သမတိဝိဇ္ဈတိ၊ လွန်စွာထိုးဖောက်နိုင်၏။

၁၄။ သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်သော။ ဝါ၊ ပိတ်ပိတ်သဲသဲမကျဲမကျိုး မိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ န သမတိဝိဇ္ဈတိ ယထာ၊ လွန်စွာမထိုးဖောက်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာဝိတံ၊ သမထ ဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာတိုးပွားစေအပ် ပြီးသော။ ဝါ၊ သမထဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာ ထုံမွန်းအပ် သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ ဝါ၊ ရာဂကိုမှတ် အရပ်ရပ်သော ကိလေသာသည်။ န သမတိဝိဇ္ဈတိ၊ လွန်စွာမထိုးဖောက်နိုင်။

## ၁၀။ စုန္ဒသူကရိကဝတ္ထု

၁၅။ ပါပကာရီ၊ မကောင်းမှုကို ပြုတတ်သော ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ သောစတိ၊ ဝမ်းနည်းရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ သောစတိ၊ ဝမ်းနည်းရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝ၌။ သောစတိ၊ ဝမ်းနည်းရ၏။ အတ္တနော၊ မိမိ၏။ ကမ္မကိလိဋ္ဌံ၊

ညစ်ပေသော အကုသိုလ်ကံကို။ ဒိသွာ၊ မြင်ရ၍။ ဝါ၊ မြင်ရခြင်းကြောင့်။ သော၊ ထိုမကောင်းမှုကို ပြုပြီးသော ပုဂ္ဂိုလ်သည်၊ သောစတိ၊ ဝမ်းနည်းရ၏။ သော၊ ထိုမကောင်းမှုကို ပြုပြီးသော ပုဂ္ဂိုလ်သည်။ ဝိဟညတိ၊ ပင်ပန်းရ၏။

## ၁၁။ ဓမ္မိကဥပါသကဝတ္ထု

၁၆။ ကတပုညော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသူသည်။ ဝါ၊ ကောင်းမှုကိုပြုပြီးသူသည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် တမလွန် ၂-တန်သောဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ ကံ၏စင်ကြယ်ခြင်းကို။ ဒိသွာ၊ မြင်ရ၍။ ဝါ၊ မြင်ရခြင်းကြောင့်။ သော၊ ထိုကောင်းမှုကို ပြုပြီးသူသည်။ မောဒတိ၊ ဝမ်းမြောက်ရ၏။ သော၊ ထိုကောင်းမှုကိုပြုပြီးသူသည်။ ပမောဒတိ၊ လွန်စွာ ဝမ်းမြောက်ရ၏။

## ၁၂။ ဒေဝဒတ္တဝတ္ထု

၁၇။ ပါပကာရီ၊ မကောင်းမှုကိုပြုခဲ့ပြီးသောပုဂ္ဂိုလ်သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ တပ္ပတိ၊ ပူပန်ရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ တပ္ပတိ ပူပန်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် ၂-တန်သောဘဝ၌။ တပ္ပတိ၊ ပူပန်ရ၏။ မေ၊ ငါသည်။ ပါပံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်မိလေစွ။ ဣတိ၊ ဤသို့တွေး၍။ တပ္ပတိ၊ ပူပန်ရ၏။ ဒုဂ္ဂတိံ၊ သို့။ တော၊ ရောက်သည်။ (သမာနော၊ ဖြစ်လတ်သော်။) ဘိယျော၊ လွန်စွာ။ တပ္ပတိ၊ ပူပန်ရ၏။

## ၁၃။ သုမနဒေဝီဝတ္ထု

၁၈။ ကတပုညော၊ ပြုအပ်ပြီးသောကောင်းမှုရှိသော ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ နန္ဒတိ၊ နှစ်သက်ရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ နန္ဒတိ၊ နှစ်သက်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် ၂-တန်သောဘဝ၌။ နန္ဒတိ၊ နှစ်သက်ရ၏။ မေ၊ ငါသည်။ ပုညံ၊ ကောင်းမှုကို။ ကတံ၊ ပြုအပ်ပေပြီ

တကား။ဣတိ၊ဤသို့တွေး၍။ နန္ဒတိ၊ နှစ်သက်ရ၏။ သုဂတိံ၊ကောင်းသော ဂတိသို့။ ဂစ္ဆတော၊ ရောက်သည်။(သမာနော၊ ဖြစ်လတ်သော်။) ဘိယျော၊ လွန်စွာ။ နန္ဒတိ၊ နှစ်သက်ရ၏။

## ၁၃။ ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ သံဟိတံ၊ ကောင်းသောစီးပွားရှိရာ သုံးဖြာပိဋကတ် တရားတော်မြတ်ကို။ ဗဟုံ၊များစွာ။ ဘာသမာနောပိ၊ သင်ယူပို့ချ ဟောပြောပါသော်လည်း။ နရော၊ စာတတ်ပေတော်ပုဂ္ဂိုလ်ကျော်သည်။ ပမတ္တော၊ ဘာဝနာမှု မပြုယှဉ်းပေါ့ မေ့လျော့သည်။(ဟုတွာ၊ ဖြစ်၍။ ဝါ၊ ဖြစ်ခြင်းကြောင့်) တက္ကရော၊ ထိုတရားအတိုင်း ပြုကျင့်တတ်သူသည်။ စေ န ဟောတိ၊ အကယ်၍ မဖြစ်အံ့။ပရေသံ၊တပါးသောနွားရှင်တို့၏။ ဂါဝေါ၊ နွားတို့ကို။ ဂဏယံ (ဂဏယန္တော)၊ ရေတွက်ထိန်းကျောင်းသော။ ဂေါပေါ၊ အခစားနွားကျောင်းသားသည်။ (ဂေါရသဿ၊ နွားမှဖြစ်သောငါးမျိုးသော အရသာ၏။ဘာဂဝါ၊ အဖို့ရှိသည်။ န ဟောတိဣဝ၊ မဖြစ်နိုင်သကဲ့သို့။(ဧဝံ၊ ဤအတူ။) သာမညဿ၊ သမဏ၏ဖြစ်ကြောင်း ကောင်းသောစျာန်မဂ်ဖိုလ်တရား၏၊ ဘာဂဝါ၊အဖို့ရှိသည်၊ န ဟောတိ၊မဖြစ်။

၂၀။ သံဟိတံ၊ ကောင်းသောစီးပွားရှိရာ သုံးဖြာပိဋကတ်တရားတော်မြတ်ကို။ အပ္ပံ၊ အနည်းငယ်ကို။ ဘာသမာနောပိ၊ သင်ယူပို့ချဟောပြောပါသော်လည်း။ ဓမ္မဿ၊ လောကုတ္တရာတရား ၉-ပါးအား။ အနုဓမ္မစာရီ၊ လျော်သောပုဗ္ဗဘာဂအကျင့်ကို ကျင့်လေ့ရှိသည်။ စေ ဟောတိ၊အကယ်၍ ဖြစ်အံ့။ (ဧဝံ၊ သတိ၊ဤသို့ဖြစ်လတ်သော်။)ရာဂဉ္စ၊ရာဂကိုလည်းကောင်း။ ဒေါသဉ္စ၊ ဒေါသကိုလည်းကောင်း။ မောဟဉ္စ၊ မောဟကိုလည်းကောင်း။ ပဟာယ၊ ပယ်စွန့်၍။ သမ္မပ္ပဇာနော၊ သိသင့်သောသစ္စာ ၄ ပါးတရားတို့ကို ကောင်းစွာအပြားအားဖြင့်သိသည်။ သုဝိမုတ္တ စိတ္တော၊ ကိလေသာတို့မှ ကောင်းစွာလွတ်သောစိတ်ရှိသည်။ (ဟုတွာ၊ ဖြစ်၍။) ဣဓဝါ၊ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သောခန္ဓာ၊အာယတနဓာတ်တို့၌လည်းကောင်း။ ဟုရံဝါ၊တမလွန်ဘဝ၌ဖြစ်သော ခန္ဓာ၊အာယတနဓာတ်တို့၌လည်းကောင်း။ (တနည်း)

ဣလ္လစဝါ၊ ဤအဇ္ဈတ္တခန္ဓာ, အာယတနဓာတ်တို့၌လည်းကောင်း။ ဟုရုံဝါ၊ ဗဟိဒ္ဓခန္ဓာ, အာယတနဓာတ်တို့၌လည်းကောင်း။ အနုပါဒိယာနော၊ တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသော။ သ(သော)၊ ထိုရဟန္တာဗုဂ္ဂိုလ်သည်။ သာမညာ၊ သမဏ၏ ဖြစ်ကြောင်းကောင်းသောမဂ်မှဖြစ်လာရသည့် လေးဝသော ဖိုလ်, ၅-ပါးသော ဓမ္မက္ခန္ဓာ၏။ ဘာဂဝါ၊ အဖို့ရှိသည်။ ဟောတိ ဖြစ်၏။

ပထမော၊ ရှေးဦးစွာသော၊ ယမကဝဂ္ဂေါ၊ ယမကဝဂ်တည်း။

# ခုဒ္ဒကနိကာယ် ကောက်နုတ်ချက်

## ဇာတကအဋ္ဌကထာနိဿယ

## သီလဝီမံသကဇာတ်

"သီလံ ကိရေဝ ကလျာဏံ" န္တိ အာဒိကာယ၊ "သီလံ ကိရေဝ ကလျာဏံ" အစရှိသော။ (ဂါထာယ၊ ဂါထာဖြင့်။ အလင်္ကရိတံ၊ တန်ဆာဆင်အပ်သော)။ ဣဒံ၊ ဤသီလဝီမံသကဇာတ်ကို၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊သီတင်းသုံးတော်မူစဉ်။ သီလဝီမံသကံ၊ သီလကို စုံစမ်းတတ်သော။ ဧကံ၊ တယောက်သော။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောကြားတော်မူ၏။ သော၊ ထိုပုဏ္ဏားသည်။ ကောသလရာဇာနံ၊ ကောသလမင်းကို။ နိဿာယ၊ အမှီပြု၍။ ဇီဝတိ ကိရ၊ အသက်မွေးသတတ်။ တိသရဏံ၊ ရတနာသုံးပါးကို။ ဂတော၊ ဆည်းကပ်ကိုးကွယ်၏။ အခဏ္ဍပဉ္စသီလော၊ မကျိုးသောငါးပါးသီလရှိ၏။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဝေဒါနံ၊ ဗေဒင်တို့၏။ ပါရဂူ၊ ကမ်းတဘက်သို့ရောက်၏။ ရာဇာ၊ မင်းကြီးသည်။ "အယံ၊ ဤပုဏ္ဏား သည်ကား။ သီလဝါတိ၊ သီလရှိ၏"ဟု။ တဿ၊ ထိုပုဏ္ဏားအား။ အတိရေကသမ္မာနံ၊ အတိုင်းထက်အလွန် မြတ်နိုးခြင်းကို။ ကရောတိ၊ ပြု၏။ သော၊ ထိုပုဏ္ဏားသည်။ အယံ ရာဇာ၊ ဤမင်းကြီးသည်။ မယှံ၊ ငါ့အား။ အညေဟိ၊ တပါးကုန်သော။ ဗြာဟ္မဏေဟိ၊ ပုဏ္ဏားတို့ထက်။ အတိရေကသမ္မာနံ၊ ကိုး ကရောတိ၊ ၏။ အတိဝိယ၊ အလွန်လျှင်။ မံ၊ ငါ့ကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ ပဿတိ၊ ရှု၏။ ကိံ၊ အသို့နည်း။ သော၊ ဤမင်းသည်။ မမ၊ ငါ၏။ ဇာတိဂေါတ္တကုလပ္ပဒေသသိပ္ပသမ္ပတ္တိံ၊ ဇာတ်, အနွယ်,ညွန့်ပြအပ်သောအမျိုးအတတ်ပညာတို့၏ ပြည့်စုံခြင်းကို။နိဿာယ၊ မှီ၍။ ဣမံ သမ္မာနံ၊ ဤမြတ်နိုးခြင်းကို။ ကရောတိ နုခေါ၊ ပြုလေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သီလသမ္ပတ္တိံ၊ သီလ၏ပြည့်စုံခြင်းကို။

နိဿာယ၊ မှီ၍။ သမ္ဗာနံ၊ မြတ်နိုးခြင်းကို။ ကရောတိ နု ခေါ၊ သလော။ (လိုက်) ဘာဝ၊ ရှေးဦးစွာ။ ဝိမံသိဿာမိ၊ စုံစမ်းဦးအံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။

(ဧဝံ၊ ဤသို့။ စိန္တေတွာ၊ ကြံပြီး၍)။ သော၊ ထိုပုဏ္ဏားသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ရာဇူပဋ္ဌာနံ၊ မင်းအားခစားရာအရပ်သို့။ ဂန္တွာ၊ သွားပြီး၍။ ဃရံ၊ မိမိအိမ်သို့။ အာဂစ္ဆန္တော၊ ပြန်လာလတ်သော်။ ဧကဿ၊ တယောက်သော။ ဟေရညိကဿ၊ ရွှေပန်းထိမ်သည်၏။ ဖလကတော၊ ပျဉ်ချပ်ပေါ်မှ၊ အနာပုစ္ဆိတွာ၊ မခန့်ကြားပဲ။ ဧကံ၊ တခုသော။ ကဟာပဏံ၊ အသပြာကို။ ဂဟေတွာ၊ ယူ၍။ အဂမာသိ၊ သွားလေ၏။ ဟေရညိကော၊ ရွှေပန်းထိမ်သည်သည်။ ဗြာဟ္မဏေ၊ ၌။ ဂရုဘာဝေန၊ ရှိသေသည်၏အဖြစ်ဖြင့်။ ကိဉ္စိ၊ တစုံတခုသောစကားကို။ အဝတွာ၊ မဆိုမူ၍။ နိသီဒိ၊ နေ၏။ ပုနဒိဝသေ၊ နောက်တနေ့၌။ ဒွေ ကဟာပဏေ၊ နှစ်ခုသောအသပြာတို့ကို။ ဂဏှိ၊ ယူပြန်၏။ ဟေရညိကော၊ သည်။ တထေဝ၊ ထိုရှေးနည်းအတူသာလျှင်။ အဓိဝါသေသိ၊ သည်းခံ၏။ တတိယဒိဝသေ၊ သုံးရက်မြောက်သောနေ့၌။ ကဟာပဏမုဋ္ဌိံ၊ တဆုတ်သောအသပြာကို။ အဂ္ဂဟေသိ၊ ယူ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏားကို။ ဟေရညိကော၊ သည်။ အဇ္ဇ၊ ယနေ့။ ရာဇကုဋုမ္ဗံ၊ မင်း၏ဥစ္စာကို။ ဝိလုမ္ပန္တဿ၊ လုယက်သော။ တေ၊ သင်၏။ တတိယော ဒိဝသော၊ သုံးရက်မြောက်သောနေ့ပေတည်း ဟူ၍။ ရာဇကုဋုမ္ဗဝိလုမ္ပကစောရော၊ မင်း၏ဥစ္စာကိုလုယက်သောသူခိုးကို။ မေ၊ ငါသည်။ ဂဟိတော၊ ဖမ်းအပ်၏ ဟူ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဝိရဝိ၊ ဟစ်အော်ကြွေးကြော်၏။ အထ ခေါ၊ ထိုအခါ၌။ မနုဿာ၊ လူတို့သည်။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ အာဂန္တွာ၊ လာကုန်၍။ နံ၊ ထိုပုဏ္ဏားကို။ တွံ၊ သင်သည်။ စိရံ၊ ကြာမြင့်စွာ။ သီလဝါ ဝိယ၊ သီလရှိသူကဲ့သို့။ ဝိစရိတိ၊ သွားလာ၏ ဟူ၍။ (ဒါနီ-ကား နိပါတ်မျှသာ) ဒွေ တယော ပဟာရေ၊ နှစ်ချက်သုံးချက် ပုတ်ခတ်ခြင်းတို့ကို။ ဒတွာ၊ ပေးပြီး၍။ ဗန္ဓိတွာ၊ နှောင်ဖွဲ့၍။ ရညော၊ မင်းအား။ ဒဿေသုံ၊ ပြကြကုန်၏။

ရာဇာ၊ မင်းသည်။ ဝိပ္ပဋိသာရီ၊ နှလုံးမသာမယာသည်။ ဟုတွာ၊ ဖြစ်၍။ ဗြာဟ္မဏ၊ ပုဏ္ဏားတို့။ ကသ္မာ၊ အဘယ်ကြောင့်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဒုဿီလကမ္မံ၊ သီလမရှိသောသူ၏ အမှုကို။ ကရေယ်သီ- တိ၊ ပြုဘိသနည်းဟု။ ဝတွာ၊ ဆို၍။ ဂစ္ဆထ၊ သွားကြကုန်လော။ တဆ၊ ထိုပုဏ္ဏားအား။ ရာဇာဏာ၊ မင်း၏အာဏာကို။ ကရောထ၊ ပြုကြကုန် လော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ န စောရော၊ ခိုးသူ မဟုတ်ပါ။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုသို့ခိုးသူမဟုတ် ခဲ့သော်။ ကသ္မာ၊ အဘယ်ကြောင့်။ ရာဇကုဋုမ္ဗိကဿ၊ မင်း၏ သူကြွယ် ၏။ ကဟာပဏေ၊ အသပြာတို့ကို။ ဖလကတော၊ ပျဉ်ချပ်ပေါ်မှ။ ဂဏှိ၊ ယူဘိသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

(ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်)။ တယိ၊ အရှင်မင်းကြီး သည်။ မမ၊ အကျွန်ုပ်အား။ အတိသမ္မာနံ၊ အလွန်မြတ်နိုးခြင်းကို။ ကရောန္တေ၊ ပြုသည်ရှိသော်။ ကိံ၊ နည်း။ ရာဇာ၊ မင်းသည်။ မမ၊ ငါ့အား။ ဇာတိအာဒိနို၊ ဇာတ်စသည်တို့ကို။ နိဿာယ၊ မှီ၍။ အတိသမ္မာနံ၊ ကို။ ကရောတိ နု ခေါ၊ ပြုလေသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ သီလံ၊ သီလကို။ နိဿာယ၊ မှီ၍။ အတိသမ္မာနံ၊ ကို။ ကရောတိ နု ခေါ၊ သလော။ (လိုက်လေ) ဣတိ၊ ဤသို့။ ဝိမံသနတ္ထာယ၊ စုံစမ်းအံ့သောငှာ။ မယာ၊ အကျွန်ုပ်သည်။ ဧတံ၊ ဤအမှုကို။ ကတံ၊ ပြုအပ်မိပါ၏။ ဣဒါနိ ပန၊ ဤယခုအခါ၌ကား။ မယာ၊ အကျွန်ုပ်သည်။ ဧကံသေန၊ စင်စစ် အားဖြင့်။ ဉာတံ၊ သိအပ်ပါပြီ။ ကိံ ဉာတံ၊ အဘယ်သို့ သိအပ်သနည်း ဟူမူကား။ယထာ ယေန-ကာရဏေန၊အကြင်သို့သောအကြောင်းကြောင့်။ သီလမေဝ၊ သီလကိုသာလျှင်။ နိဿာယ၊ မှီ၍။ တယာ၊ သင်မင်းကြီး သည်။ မမ၊ အကျွန်ုပ်အား။ သမ္မာနော၊ မြတ်နိုးခြင်းကို။ ကတော၊ ပြုအပ်၏။ ဇာတိအာဒိနိ၊ ဇာတ်စသည်တို့ကို။ နိဿာယ၊ မှီ၍။ သမ္မာနော၊ မြတ်နိုးခြင်းကို (လိုက်)။ န ကတော၊ ပြုအပ်သည်မဟုတ်။ဝါ၊ မပြုအပ်။ ဟိ-သစ္စံ၊မှန်၏။တထာ တေန ကာရဏေန၊ထိုသို့သောအကြောင်းကြောင့်။

ဣဒါနိ၊ ဤယခုအခါ၌။ မေ၊ အကျွန်ုပ်အား။ ရာဇော့ကံ၊ မင်း၏အာကာ-
ကို။ ကာရေတိ၊ ပြုစေ၏။ ဣတိ၊ ဤသို့။ (ထည့်) ဉာတံ၊ သိအပ်ပါ၏
(လိုက်)။ သွာဟံ-သော အဟံ၊ ထိုအကျွန်ုပ်သည်။ ဣမိနာ ကရဏေန၊
ဤအကြောင်းကြောင့်။ ဣမသ္မိံ လောကေ၊ ဤလောက၌။ သီလမေဝ၊
သီလသည်သာလျှင်။ ဥတ္တမံ၊ မြတ်၏။ သီလ မေဝ၊ သာလျှင် (ဧဝ-
လိုက်ပေး)။ ပမုခံ၊ အကြီးအမှူးဖြစ်၏။ ဣတိ၊ ဤသို့၊ သန္နိဋ္ဌာနံ၊
ဆုံးဖြတ်ခြင်းသို့။ ဂတော၊ ရောက်၏။ အဟံ အကျွန်ုပ်သည်။ ဣမဿ
သီလဿ၊ ဤသီလအား။ အနုစ္ဆဝိကံ၊ လျော်ကပ်သည်ကို။ ကရော-
န္တော၊ ပြုလိုလတ်သော်။ ဂေဟေ၊ အိမ်၌။ ဌိတော၊ တည်လျက်။
ကိလေသေ၊ ကိလေသာတို့ကို။ ဝါ၊ ကိလေသာ၏ကျက်စားရာအာရုံငါးဖြာ
တို့ကို။ ပရိဘုဉ္ဇန္တော၊ ခံစားလျက်။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ခိဿာမိ၊
မတတ်နိုင်လတ္တံ့။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ဇေတဝနံ၊ ဇေတဝန်
ကျောင်းတော်သို့။ ဂန္တွာ၊ သွား၍။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊
အထံတော်၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။ ဒေဝ၊ အရှင်မင်းကြီး။
မေ၊ အကျွန်ုပ်အား။ ပဗ္ဗဇ္ဇံ၊ ရဟန်းပြုခွင့်ကို။ ဒေထ၊ ပေးကြပါကုန်လော။
ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ရာဇာနံ၊ မင်းကြီးကို။ အနုဇာနာပေတွာ၊
ခွင့်ပြုစေ၍။ ဇေတာနာဘိမုခေါ၊ ဇေတဝန်ကျောင်းတော်သို့ ရှေးရှု။
ပါယာသိ၊ သွား၏။

အထ ခေါ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏားကို။ ဉာတိသုဟဇ္ဇဗန္ဓဝါ၊ အဆွေ
အမျိုး ချစ်ကျွမ်းဝင်ကုန်သော အဆွေခင်ပွန်းတို့သည်။ သန္နိပတိတွာ၊
စည်းဝေးကုန်၍။ နိဝါရေတုံ၊ တားမြစ်အံ့သောငှာ။ အသက္ကောန္တာ။
မတတ်နိုင်ကုန်သည် ဖြစ်၍။ နိဝတ္တိံသု၊ ပြန်နစ်ကုန်ကြ၏။ သော၊ ထို
ပုဏ္ဏားသည်။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊
သွား၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိတွာ၊ တောင်းပန်၍။ ပဗ္ဗဇ္ဇဉ္စ၊
ရှင်အဖြစ်ကို လည်းကောင်း။ ဥပသမ္ပဒဉ္စ၊ ပဉ္စင်း အဖြစ်ကိုလည်းကောင်း။
လဘိတွာ၊ ရ၍။ အဝိဿဋ္ဌကမ္မဋ္ဌာနော၊ မလွှတ်အပ်သော ကမ္မဋ္ဌာန်း
ရှိသည်ဖြစ်၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရဟတ္တံ၊

အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ သတ္ထာရံ၊ မြတ်စွာဘုရားသို့။ ဥပ- သင်္ကမိတွာ၊ ချဉ်းကပ်၍။ "ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ တပည့်တော်၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ မတ္ထကံ၊ အပြီးသို့။ ဝါ၊အထွတ် အထိပ်သို့။ ပတ္တာတိ၊ ရောက်ပါပြီ" ဟု။ အညံ၊ အရဟတ္တ ဖိုလ်ကို။ ဗျာကာသိ၊ လျှောက်ထား၏။

တဿ၊ ထိုရဟန်း၏။ တံ အညဗျာကရဏံ၊ ထိုအရဟတ္တ ဖိုလ်ကို လျှောက်ထားခြင်းသည်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ ပါကဋံ၊ ထင်ရှားစွာ။ ဇာတံ၊ ဖြစ်၏။ အထ၊ ထိုနောင်မှ။ ဧကဒိဝသံ၊ တနေ့သ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ သန္နိပတိတာ၊ စည်းဝေးကြကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ "အာဝုသော၊ ငါ့ရှင်တို့။ အသုကော နာမ၊ ထိုအမည်ရှိသော။ ရဩ၊ မင်း၏။ ဥပဋ္ဌာကဗြာဟ္မဏော၊ အလုပ်အကျွေး ပုဏ္ဏားသည်။ အတ္တနော၊ မိမိ၏။ သီလံ၊ သီလကို။ ဝီမံသိတွာ၊ စုံစမ်း၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အရဟတ္တေ၊ အရဟတ္တ ဖိုလ်၌။ ပတိဋ္ဌိတော၊ တည်၏။ "ဣတိ၊ ဤသို့။ တဿ၊ ထိုရဟန်း၏။ ဂုဏံ၊ ကျေးဇူး စကားကို။ ကထယမာနာ၊ ပြောဆိုကြကုန်လျက်။ နိသီဒိံသု၊ နေကြကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ ကြွလာတော်မူလတ်၍။ "ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ဤယခုအခါ၌။ ကာယ ကထာယ၊ အဘယ် စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးနေကြကုန်သည်။ အတ္ထ နု၊ ဖြစ်ကုန် သနည်း၊" ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးတော်မူလတ်သော်။ "ဣမာ- ယနာမ၊ ဤမည်သောစကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးနေကြပါကုန်၏ ဘုရား (လိုက်)။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်ကြားလတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနိ၊ ဤယခုအခါ၌။ အယမေဝ ဗြာဟ္မဏော၊ ဤပုဏ္ဏားသည်သာလျှင်။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌံ၊ ကိုးကွယ်ရာကို။ ဝါ၊တည်ရာကို။ အကာသိ၊ ပြုခဲ့သည်ကား။ န၊ မဟုတ်သေး။ [အကာ- သိ-ကား အာချာတ်နာမ်တည်း။ ။"ပုဒ်တပါးယှဉ်ကပ်၊ မည်ဟော လတ်၊ အာချာတ်နာမ် ဖြစ်မြဲ"။ ။နိယံ ] ပုဗ္ဗေပိ၊ ရှေးအခါ၌လည်း။

ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အတ္တနော၊ ၏။ သီလံ၊ ကို။ ဝိမံသိတွာ၊ ၍။ ပဗ္ဗဇိတွာ၊ ၍။ အတ္တနော၊ ၏။ ပတိဋ္ဌံ၊ ကိုးကွယ်ရာကို။ ဝါ၊ တည်ရာကို။ ကရိံသုတိ၊ ပြုခဲ့ဖူးကုန်ပြီ”ဟု။ ဝတွာ၊ ဟောတော်မူပြီး၍။ တေဟိ၊ ထိုရဟန်းတို့သည်။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ-ဗြဟ္မဒတ်အမည်ရှိသောမင်းသည်။ ရဇ္ဇံ၊ မင်း၏အဖြစ်ကို။ ကာရေန္တေ၊ ပြုစေသည်ရှိသော်။ ဗောဓိသတ္တော၊ ဘုရားအလောင်းသည်။ တဿ၊ ထိုဗြဟ္မဒတ်မင်း၏။ ပုရောဟိတော၊ ပုရောဟိတ်သည်။ အဟောသိ၊ ဖြစ်လေပြီ။ ဒါနာဓိမုတ္တော၊ အလှူ၌ညွတ်သောစိတ်ရှိ၏။ သီလဇ္ဈာသယော၊ သီလကိုအလိုရှိ၏။ အခဏ္ဍပဉ္စသီလော၊ မကျိုးမပျက်သောငါးပါးသီလရှိ၏။ ရာဇာ၊ သည်။ သေသဗြာဟ္မဏေဟိ၊ ကြွင်းသောပုဏ္ဏားတို့ထက်။ အတိရေကံ၊ အလွန်လျှင်။ တဿ၊ ထိုပုဏ္ဏားအား။ သမ္မာနံ၊ မြတ်နိုးခြင်းကို။ ကရောတိ၊ ပြု၏။ ဣတိဝေမာဒိကံ၊ ဤသို့အစရှိသော။ သဗ္ဗံ၊ အလုံးစုံသောစကားသည်။ ပုရိမသဒိသမေဝ၊ ရှေ့၌ဆိုခဲ့ပြီးသော ပစ္စုပ္ပန်ဝတ္ထုနှင့်တူသည်သာလျှင်တည်း။ ဗောဓိသတ္တော ပန၊ ဘုရားလောင်းကိုကား။ ဗန္ဓိတွာ၊ နှောင်ဖွဲ့၍။ ရညော၊ မင်း၏။ သန္တိကံ၊ အထံသို့။ နီယမာနေ၊ ဆောင်အပ်သည်ရှိသော်။ အန္တရဝီထိယံ၊ ခရီးအလယ်၌။ အဟိတုဏ္ဍိကာ၊ အလမ္ပာယ်သမားတို့သည်။ သပ္ပံ၊ မြွေကို။ ကီဠာပေန္တာ၊ ကစားကြကုန်သည်ရှိသော်။ နင်္ဂုဋ္ဌေ၊ မြီးထူး၌။ ဂဏှန္တိ၊ ကိုင်ကြကုန်၏။ ဂီဝါယ၊ လည်၌။ ဂဏှန္တိ၊ ကုန်၏။ ဂလေ၊ လည်၌။ ဝေဌေန္တိ၊ ရစ်ပတ်ကြကုန်၏။ ဗောဓိသတ္တော၊ ဘုရားအလောင်းသည်၊ တေ၊ ထိုအလမ္ပာယ်သမားတို့ကို။ ဒိသွာ မြင်၍။ “တာတာ၊ အမောင်တို့။ ဧဝံ၊ ဤသို့။ သပ္ပံ၊ မြွေကို။ နင်္ဂုဋ္ဌေ၊ မြီးထူး၌။မာ ဂဏှထ၊ မကိုင်ကြပါကုန်လင့်။ ဂီဝါယ၊ လည်၌။ မာ ဂဏှထ၊ ကုန်လင့်၊ ဂလေ၊ လည်၌။ မာ ဝေဌေထ၊ မရစ်ပတ်ကြပါကုန်လင့်။

ဟိ၊ ထိုစကားသည်မှန်၏။ “အယံ၊ ဤမြွေသည်။ ဝေါ၊ သင်တို့ကို။ ဍံသိတွာ၊ ကိုက်၍။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေယျာတိ၊

ရောက်စေရာ၏"ဟု။ အာဟ၊ ဆို၏။ အပတိတုဏ္ဍိကာ၊ အလမ္ပာယ်သမား တို့သည်။ ဗြာဟ္မဏံ၊ ပုဏ္ဏားနှ၊ အယံ သပ္ပေါ၊ ဤမြွေသည်။ သီလဝါ၊ သီလ ရှိ၏။ အာစာရသမ္ပန္နော၊ အကျင့်နှင့်ပြည့်စုံ၏။ တာဒိသော၊ အသင်ကဲ့သို့ ရှုအပ်သည်။ ဒုဿီလော၊ သီလမရှိသူသည်။ န ဟောတိ၊မဖြစ်။ တွံ ပန၊ သင့်ကိုကား။ အတ္တနော၊ မိမိ၏။ ဒုဿီလတာယ၊ သီလမရှိသည်၏ အဖြစ်ကြောင့်။ အနာစာရေန၊ ယုတ်မာသောအကျင့်ကြောင့်။ ရာဇကု-ဋုမ္ဗ ဝိလုမ္ပက စောရောတိ၊ မင်း၏ဥစ္စာကိုလုယက်သောသူခိုးဟု။ ဗန္ဓိတွာ၊ နှောင်ဖွဲ့၍။ နိယသိတိ၊ ဆောင်အပ်၏ ဟု။ အာဟံသု၊ ဆိုကြကုန်၏။

သော၊ ထိုဘုရားလောင်းသည်။ အဥ္ဇသန္တ္တော၊ မကိုက်ကုန်သည်ရှိသော်။ အဝိဟေဌေန္တော၊ မညှဥ်းဆဲကုန်သည်ရှိသော်။ သပ္ပာပိ၊ မြွေဖြစ်ကုန်လျက် လည်း။ တာဝ၊ ရှေးဦးစွာ။ သီလဝန္တောတိ နာမံ၊ သီလရှိသူ ဟူသော အမည်ကို။ လဘန္တိ၊ ရကြကုန်သေး၏။ မနုဿဘူတာ၊ လူဖြစ်သော သူတို့သည်။ ကိမင်္ဂ ပန၊ အဘယ်ဆိုဖွယ်ရာ ရှိပါကုန်အံ့နည်း။ (ဝစန ဝိပလ္လာသကြံ) ဣမသ္မိံ လောကေ၊ ဤလောက၌။ သီလမေဝ၊ သီလ သာလျှင်။ ဥတ္တမံ၊ မြတ်၏။ တတော၊ ထိုသီလထက်။ ဥတ္တရိတရံ၊ လွန်မြတ်သောတရားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏားကို။ နေတွာ၊ ဆောင်၍။ ရညော၊ အား။ ဒဿေသုံ၊ ပြကြကုန်ပြီ။ ရာဇာ၊ သည်။ "တာတာ၊ အမောင်တို့။ ဣဒံ၊ ဤအမှုသည်။ ကိံ၊ အသို့နည်း။' ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ "ဒေဝ၊ မင်းကြီး။ရာဇကုဋုမ္ဗဝိလုမ္ပကော၊ မင်း၏ဥစ္စာကိုလုယက်သော။ စောရော၊ သူခိုးတည်း။ ဣတိ၊ ဤသို့။ (အဝေါစုံ၊ လျှောက်ကြားကြကုန်၏)။ တေန ဟိ၊ ထိုသို့ဖြစ်မူကား။ အဿ၊ ထိုပုဏ္ဏားအား။ ရာဇာဏံ၊ မင်း၏ အာဏာကို။ ကရောထာထိ၊ ပြုကြကုန်လော ဟု။ (အာဟ၊ ဆို၏)။ ဗြာဟ္မဏော၊ သည်။ "မဟာရာဇ၊ ကြီး။ အဟံ၊ ငါသည်။ န စောရော၊ ခိုးသူမဟုတ်။ "ဣတိ၊ ဤသို့။ (အာဟ၊ ဆို၏)။ "အထ၊ ထိုသို့ ခိုးသူ မဟုတ်ခဲ့သော်။ ကသ္မာ၊ အဘယ်ကြောင့်။ ကဟာပဏေ၊ အသပြာတို့ကို။ အဂ္ဂဟေသိ၊ ယူဘိသနည်း။ "ဣတိ စ၊ ဤသို့လျှင်။ ဝုတ္တေ၊ ဆိုအပ်သည့်

ရှိသော်။ ပုရိမနယေနေဝ၊ ရှေးပစ္စုပ္ပန် ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သာလျှင်။ သဗ္ဗံ၊ အလုံးစုံသောစကားကို။ အာရောစေတွာ၊ ပြော ကြားလျက်။ သူ့ာဟံ သော အဟံ၊ ထို ငါသည်။ ဣမိနာ ကာရဏေန၊ ဤအကြောင်းကြောင့်။ ဣမသ္မိံ- လောကေ၊ ဤလောက၌။ သီလမေဝ၊ သီလသည်သာလျှင်။ ဥတ္တမံ၊ မြတ်၏။ သီလမေဝ၊ သီလသည်သာလျှင်။ ပါမောက္ခံ၊ အကြီးအမှူးဖြစ်၏။ ဣတိ၊ ဤသို့။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်း သို့။ ဂတော၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆိုပြီး၍။ ဣဒံ ဣမံ မနုဿဘူတံ၊ ဤလူဖြစ်သောသူကို။ (ဣဒံ- ကား လိင်္ဂဝိပလ္လာသ)။ တာဝ တိဋ္ဌတု၊ ထားဘိဦးလော။ အဉ္ဇသနေ္တာ၊ မကိုက်သည်ရှိသော်။ အဝိဟေ- ဌေနေ္တာ၊ မညှဉ်းဆဲသည်ရှိသော်။ အာသီဝိသောပိ၊ မြွေပင်ဖြစ်ပါလျက် လည်း။ သီလဝါတိ၊ သီလရှိ၏ဟု။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သောအဖြစ်ကို။ တာဝ လဘတိ၊ ရဟုံဘိသေး၏။ ဣမိနာပိ ကာရဏေန၊ ဤအကြောင်း ကြောင့်လည်း။ သီလမေဝ၊ သီလသည်သာလျှင်။ ဥတ္တမံ၊ မြတ်၏။ သီလမေဝ၊ သာလျှင်။ ပဝရံ၊ အထူးသဖြင့်မြတ်၏။ ဣတိ၊ ဤသို့။ သီလံ၊ သီလကို။ ဝဏ္ဏေနွော၊ ချီးမွမ်းလိုရကား။ ဣမံဂါထံ၊ ဤဆိုလတ္တံ့သော ဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

> မဟာရာဇ၊ မြတ်သောမင်းကြီး။ ကိရ၊ တဆင့်စကားကြားရ သည်ကား။ လောကေ၊ လောက၌။ သီလံ ဧဝ၊ သီလသည်သာ လျှင်။ ကလျာဏံ၊ ကောင်း၏။ သီလံ ဧဝ၊ သီလသည်သာလျှင်။ အနုတ္တရံ၊ အတုမရှိမြတ်၏။ ပဿ၊ ရှုပါလော။ ဃောရဝိသော၊ ကြမ်းသော အဆိပ်ရှိသော။ နာဂေါ၊ မြွေစင်လျက်။ အဉ္ဇသန- အဝိဟေဌနမတ္တကေန၊ မကိုက်ခြင်း မညှဉ်းဆဲခြင်းမျှဖြင့်။ သီလဝါ၊ သီလရှိ၏။ န ဟညတိ၊ မညှဉ်းဆဲတတ်။ ဣတိ ပသံသံ၊ ဤသို့ သော ချီးမွမ်းခြင်းကို။ လဘတိ၊ ရသေး၏။

တတ္ထ-တိဿံ ဂါထာယံ၊ ထိုဂါထာ၌။ "သီလံ ကိရေဝ" တိ ဧတ္ထ၊ "သီလံ ကိရေဝ"ဟူသော ပုဒ်၌။ ကာယဝါစာစိတ္တေဟိ၊ ကိုယ်နှုတ်စိတ် တို့ဖြင့်။ အဝီတိက္ကမသင်္ခါတံ၊ မလွန်ကျူးမှုဟုဆိုအပ်သော။ အာစာရ-

သီလမေဝ၊ အကျင့်သီလသည်သာလျှင်။ သီလံ၊ သီလမည်၏။ ကိရာတိ၊ ကိရဟူသည်ကား။ အနုဿဝနဝသေန၊တဆင့်စကားကြားသည်၏ အစွမ်းဖြင့်။ ဝဒတိ၊ ဆို၏။ ကလျာဏန္တိ၊ ကလျာဏံ ဟူသည်ကား။ သုန္ဒရတာခံ၊ အထူးသဖြင့်ကောင်း၏။ အနုတ္တရန္တိ၊ အနုတ္တရံ ဟူသည်ကား။ ဇေဋ္ဌကံ၊ ချီးမွမ်းအပ်မြတ်၏။ သဗ္ဗဂုဏဒါယကံ၊ အလုံးစုံသောဂုဏ်ကျေးဇူးကို ပေးတတ်၏။ ပဿာတိ၊ ပဿဟူသည်ကား။ အတ္တနာ၊ မိမိသည်။ ဒိဋ္ဌကာရဏံ၊ မြင်ခဲ့သောအကြောင်းကို။ အဘိမုခံ၊ ရှေးရှု။ ကရောန္တော၊ ပြုလိုသည်ဖြစ်၍။ ကထေတိ၊ ဆို၏။ "သီလဝါတိ န ဟညတီ"တိ၊ သီလဝါတိ နဟညတိ ဟူသည်ကား။ ဃောရဝိသော၊ ကြမ်းသောအဆိပ်ရှိသော မြွေနဂါးသည်။ သမာနောပိ၊ ဖြစ်ပါလျက်လည်း။ အဍံသနအဝိဟေဌနမတ္တကေန၊ မကိုက်ခြင်း မညှဉ်းဆဲခြင်းမျှဖြင့်။ သီလဝါတိ၊ သီလရှိ၏ ဟု။ ပသံသံ၊ ချီးမွမ်းခြင်းကို။ လဘတိ၊ ရတုံဘိသေး၏။ န ဟညတိ၊ မညှဉ်းဆဲ။ န ဝိဟညတိ၊ အထူးအားဖြင့် မညှဉ်းဆဲ။ ဣတိ–ဣမိနာပိ ကာရဏေန၊ ဤအကြောင်းကြောင့်လည်း။ သီလမေဝ၊ သာလျှင်။ ဥတ္တမံ၊ မြတ်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဂါထာ၏အနက်တည်း။

ဝေံ၊ ဤသို့လျှင်။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ဣမာယ ဂါထာယ၊ ဤဂါထာဖြင့်။ ရညော၊ အား။ ဓမ္မံ၊ တရားကို။ ဒေသေတွာ၊ ဟောပြီး၍။ ကာမေ၊ ကာမဂုဏ်တို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ဣသိပဗ္ဗဇ္ဇံ၊ ရသေ့ရဟန်း၏အဖြစ်ကို။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ ဟိမဝန္တံ၊ ဟိမဝန္တာသို့။ ပဝိသိတွာ ဝင်၍။ ပဉ္စာဘိညာ၊ ငါးပါးသောအဘိညာဉ်တို့ကိုလည်းကောင်း။ အဋ္ဌသမာပတ္တိယော။ ရှစ်ပါးသော သမာပတ်တို့ကိုလည်းကောင်း။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဗြဟ္မလောကပရာယနော၊ ဗြဟ္မာပြည်လျှင် လည်းလျောင်းရာရှိသည်။ အဟောသိ၊ ဖြစ်လေပြီ။

သတ္ထာ၊ သည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာတော်ကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေသိ၊ ပေါင်းတော်မူ၏။

-အာနန္ဒော၊ အာနန္ဒာသည်။ တဒါ၊ ထိုအခါ၌။ ရာဇာ၊ ဗာရာဏသီမင်းသည်။ အဟောသိ၊ ဖြစ်လေပြီ။

-ဗုဒ္ဓပရိသာ၊ ယခုအခါ ငါဘုရား၏ပရိသတ်သည်။ တဒါ၊ ၌။ ရာဇပရိသာ၊ မင်းပရိသတ်သည်။ အဟောသိ၊ ဖြစ်လေပြီ။

-အဟမေဝ၊ ယခုအခါငါဘုရားသည်သာလျှင်။ တဒါ၊ ၌။ ပုရောဟိတော၊ ပုရောဟိတ်သည်။ အဟောသိ၊ ပြီ။

ဣတိ၊ ဤသို့။ ဇာတကံ၊ ကို။ သမောဓာနေသိ၊ ပေါင်းတော်မူ၏။

## သီလဝိမံသကဇာတ်နိဿယ

ပြီး၏။

# ဇာတကအဋ္ဌကထာ

## သကုဏဂ္ဃိဇာတ် နိဿယ

သတ္ထာ၊ မြတ်စွာဘုရားသည်။ "သေနော ဗလသာ ပတမာနော"တိ အာဒိကာယ၊ "သေနော ဗလသာ ပတမာနော" ဤသို့အစရှိသော။ (ဂါထာယ၊ ဂါထာဖြင့်။ အလင်္ကာရိတံ၊ တန်ဆာဆင်အပ်သော)။ ဣဒံ-ဇာတကံ၊ ဤသကုဏဂ္ဃိဇာတ်ကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ သီတင်းသုံးတော်မူစဉ်။ အတ္တဇ္ဈာသယံ၊ မိမိအလို၏ အစွမ်းအားဖြင့် ဟောအပ်သော။ သကုဏောဝါဒသုတ္တံ၊ သကုဏောဝါဒသုတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောကြားတော်မူ၏။ ဟိ-သစ္စံ၊ ထိုစကားမှန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ "ဘိက္ခဝေ၊ ရဟန်းတို့။ သကေ ပေတ္တိကေ၊ မိမိအဘ၏ ဥစ္စာဖြစ်သော။ ဝိသယေ၊ အာရုံဖြစ်သော။ ဂေါစရေ၊ ကျက်စားရာ၌သာလျှင်။ [ဝေအကျေကြံ]စရထ၊ ကျက်စားကြကုန်လော။"ဣတိ အာဒိကံ၊ ဤသို့ အစရှိသော။ မဟာဝဂ္ဂ-သံယုတ္တေ၊ မဟာဝဂ္ဂသံယုတ်၌။ ဣဒံ-သုတ္တန္တံ၊ ဤသကုဏဂ္ဃိ သုတ္တန်ကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။

"(ဘိက္ခဝေ၊ရဟန်းတို့။)တုမှေ၊ သင်တို့ကို။ တာဝတိဋ္ဌထ၊ ထားဘိကုန်ဦးလော။ ပုဗ္ဗေ၊ ရှေးကာလ၌။ တိရစ္ဆာနဂတာပိ၊ တိရစ္ဆာန်တို့သည်လည်း။ သကံ ပေတ္တိကဝိသယံ၊ မိမိအဘ၏ဥစ္စာဖြစ်သောကျက်စားရာကို။ ပဟာယ၊ စွန့်၍။ အဂေါစရေ၊ မကျက်စားသင့်သော အရပ်၌။ စရန္တာ၊ ကျက်စားကုန်သည်ရှိသော်။ ပစ္စာမိတ္တာနံ၊ ဆန့်ကျင်ဘက်ရန်သူတို့၏။ ဟတ္ထပထံ၊ လက်အတွင်းသို့။ ဂန္တွာပိ၊ ရောက်ပြီး၍လည်း။ အတ္တနော၊ မိမိ၏။ ပညာ-သမ္ပတ္တိယာ၊ ပညာနှင့် ပြည့်စုံခြင်းအားဖြင့်။ ဥပါယကောသလ္လေန၊ အကြောင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့်။ ပစ္စာမိတ္တာနံ၊ ဆန့်ကျင်ဘက်ရန်သူတို့၏။ ဟတ္ထာ၊ လက်မှ။ မုစ္စိံသု၊ လွတ်မြောက်ဖူးကုန်ပြီ"။ ဣတိ၊

ဤသို့။ ဝတ္ထာ၊ ဟောတော်မူပြီး၍။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ၊ မင်း၏အဖြစ်ကို။ ကာရေန္တေ၊ ပြုစေသည်ရှိသော်။ ဗောဓိသတ္တော၊ ဘုရားအလောင်းသည်။ လာပသကုဏယောနိယံ၊ ဗီလုံးငှက်မျိုး၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ နင်္ဂလကဋ္ဌကရဏေ၊ ထွန်တုံး၌ တပ်အပ်သော ထွန်သွားတို့ဖြင့် ထွန်ခြင်းကို ပြုရာဖြစ်သော။ လေဍ္ဍုဋ္ဌာနေ၊ မြေစိုင်ခဲရှိရာအရပ်၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတိ၊ ပြု၏။ သော၊ ထိုဗီလုံးငှက်သည်။ ဧကဒိဝသံ၊ တနေ့သ၌။ သကဝိသယေ၊ မိမိအရပ်၌။ ဂေါစရဂဟဏံ၊ အစာယူခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ပရဝိသယေ၊ သူတပါးတို့၏အရပ်၌။ ဂေါစရံ၊ အစာကို။ ဂဏှိဿာမီတိ၊ ယူအံ့ဟူ၍။ အဋ္ဌဝိပရိယန္တံ၊ တောအုပ်၏အဆုံးသို့။ အဂမာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဗီလုံးငှက်ကို။ တတ္ထ၊ ထိုတောအုပ်၏အဆုံး၌။ ဂေါစရံ၊ အစာကို။ ဂဏှန္တံ၊ ယူသည်ကို။ ဒိသွာ၊ မြင်၍။ သကုဏဂ္ဃိ၊ သိန်းငှက်သည်။ သဟသာ၊ အဆောတလျင်။ အဇ္ဈပ္ပတ္တာ၊ ရောက်လာ၍။ အဂ္ဂဟေသိ၊ ထိုးသုတ်ယူငင်၏။ သော၊ ထိုဗီလုံးငှက်ကို။ သကုဏဂ္ဃိယာ၊ သိန်းငှက်သည်။ ဟရိယမာနော၊ ဆောင်ယူအပ်သည်ရှိသော်။ မယမေဝ၊ ငါတို့သည်သာလျှင်။ အလက္ခိကာ၊ ကျက်သရေမရှိကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ မယမေဝ၊ ငါတို့သည်သာလျှင်။ အပ္ပပုညာ၊ ဘုန်းမရှိကြကုန်သည်။ အမှ၊ ဖြစ်ကြကုန်၏။ ယေ မယံ၊ အကြင် ငါတို့သည်။ ပရဝိသယေ၊ သူတပါးတို့၏ အရာဖြစ်သော။ အဂေါစရေ၊ မကျက်စားအပ်သော အရပ်၌။ စရိမှ၊ ကျက်စားမိကုန်၏။ အဇ္ဇ၊ ယနေ့။ မယံ၊ ငါတို့သည်။ သကေ ပေတ္တိကေ၊ မိမိ အဘ၏ ဥစ္စာဖြစ်သော။ ဂေါစရေ၊ ကျက်စားရာအရပ်၌။ သစေ စရေယျာမ၊ အကယ်၍ ကျက်စားကြကုန်သည် ဖြစ်အံ့။ (ဧဝံ၊ ဤသို့ ကျက်စားကြကုန်သော်)။ သကုဏဂ္ဃိယာ၊ သိန်းငှက်၏။ ယဒိဒံ ယံ ဣဒံ-ယုဒ္ဓံ၊ အကြင်ထိုးသုတ်ခြင်းသည်။ အတ္ထိ။ ရှိ၏။ အယံ သကုဏဂ္ဃိ၊ ဤ သိန်းငှက်သည်။ မေ၊ ငါ့အား။ တဒိဒံ-တံ ဣဒံ-တဿ ယုဒ္ဓါယ၊ ထိုသို့

ထိုးသုတ်ခြင်းငှာ။ အလံ၊ သင့်သည်။ နာဘဝိဿာတိ၊ မဖြစ်ရာဟု။ ဝေ၊ ဤသို့။ ပရိဒေဝိ၊ ငိုကြွေးမြည်တမ်း၏။

(ဝေ၊ ဤသို့ ငိုကြွေးမြည်တမ်းသည်ရှိသော်)။ "လာပ၊ ဗိလုံးငှက်။ တေ၊ သင်၏။ သကော ပေတ္တိကော၊ မိမိအဘ၏ ဥစ္စာဖြစ်သော။ ဂေါစရော၊ ကျက်စားရာဖြစ်သော။ ဝိသယော၊ အရပ်သည်။ ကော ပန၊ အဘယ် အရပ်နည်း"။ ဣတိ၊ ဤသို့။ (ပုစ္ဆိ၊ မေး၏)။ သကုဏဂ္ဃိ၊ အိုသိန်းငှက်။ နင်္ဂလကဋ္ဌကရဏံ၊ ထွန်ဟုံး၌ တပ်အပ်သော ထွန်သွားဖြင့် ထွန်ခြင်းကို ပြုရာဖြစ်သော။ ယဒိဒံ- ယံ ဣဒံ-လေဍ္ဍုဋ္ဌာနံ၊ အကြင်မြေစိုင်ခဲရှိရာ အရပ်သည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ-တံ ဣဒံဌာနံ၊ ထိုအရပ်သည်။ မမ၊ ငါ၏။ ဂေါစရော၊ ကျက်စားရာဖြစ်သော။ ဝိသယော၊ အရပ်တည်း။" [တုလျတ္ထနှင့် လိင်္ဂတ္ထ လိင်မတူ] ဣတိ၊ ဤသို့။ (အဝေါစ၊ ဆို၏)။ အထ၊ ထိုအခါ၌။ နံ၊ ထိုဗိလုံးငှက်ကို။ သကုဏဂ္ဃိ၊ သိန်းငှက်သည်။ သကေ ဗလေ၊ မိမိ၏ အားအစွမ်းကြောင့်။ အပတ္တဒ္ဓါ၊ သက်ဝင်သောခက်ထန်ခြင်းရှိသည်။ ဝါ၊ လွန်စွာဖြစ်သောခက်ထန်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ "လာပ၊ ဗိလုံးငှက်။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေလော့။ တတြပိ၊ သင်၏ကျက်စားရာ ထို အရပ်သို့လည်း။ ဂန္တွာ၊ သွားလေပြီး၍။ မေ၊ ငါ၏(လက်မှ)။ န မောက္ခသိ၊ မလွတ်ရလတ္တံ့"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ အမုဉ္စိ၊ လွှတ်လိုက်၏။ သော၊ ထိုဗိလုံးငှက်သည်။ တတ္ထ၊ ထိုမိမိကျက်စားရာအရပ်သို့။ ဂန္တွာ၊ သွား၍။ မဟန္တံ၊ ကြီးစွာသော။ လေဍ္ဍုံ၊ မြေစိုင်ခဲပေါ်သို့။ အဘိရုဟိတွာ၊ တက်၍။ "သကုဏဂ္ဃိ၊ အိုသိန်းငှက်။ ဒါနိ၊ ယခုအခါ၌။ ဧဟိ၊ လာခဲ့ပါ လော့"။ ဣတိ၊ ဤသို့။ သေနံ၊ သိန်းငှက်ကို။ အဝှါယန္တော၊ ခေါ်လျက်။ အဋ္ဌာသိ၊ ရပ်တည်၏။ သကုဏဂ္ဃိ၊ သိန်းငှက်သည်။ သကေ ဗလေ၊ မိမိ၏ အားအစွမ်းကြောင့်။ အပတ္တဒ္ဓါ၊ သက်ဝင်သော ခက်ထန်ခြင်းရှိသည်။ ဝါ၊ လွန်စွာဖြစ်သော ခက်ထန်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥဘော ပက္ခေ၊ အတောင်နှစ်ဘက်တို့ကို။ သန္နယှ၊ ဖြန့်၍။ လာပသကုဏံ၊ ဗိလုံးငှက်အထံ သို့။ သဟသာ၊ လျင်မြန်စွာ။ အဇ္ဈပ္ပတ္တာ၊ ပြေးလာ၏။ ယဒါ ပန၊ အကြင် အခါ၌ကား။ တံ၊ ထိုသိန်းငှက်ကို။ လာပေါ၊ ဗိလုံးငှက်သည်။ အယံ သကု-

ဏာဂ္ဂိ၊ ဤသိန်းငှက်သည်။ မေ၊ ငါ၏။ သန္တိကံ၊ အထံသို့၊ ဗဟု အာဂတာ၊ လျှင်မြန်စွာလာ၏။ ဣတိ၊ ဤသို့။ အညာသိ၊ သိ၏။ အထ၊ ထိုအခါ၌။ ပရိဝတ္တိတွာ၊ လှည့်လည်တုံ့ပြန်၍။ တသောဝ လေဍ္ဍုသာ၊ ထိုမြေစိုင်၏ သာလျှင်။ အန္တရံ၊ အကြားသို့။ ပစ္စာပဒိ၊ ဝင်လေ၏။ ဝါ၊ ဝင်ပုန်း၏။ သကုဏဂ္ဂိ၊ သိန်းငှက်သည်။ ဝေဂံ၊ အဟုန်ကို။ သန္ဓာရေတုံ၊ ရပ်တန့်စိမ့် သောငှာ။ အသက္ကောန္တိ၊ မတတ်နိုင်သည်ဖြစ်၍။ တတ္ထေဝ၊ ထိုမြေစိုင်ခဲ၌ သာလျှင်။ ဥရံ၊ ရင်ကို။ ပစ္စတာဠေသိ၊ တိုက်ခွဲစေ၏။ ဧဝံ၊ ဤသို့။ သာ၊ ထိုသိန်းငှက်သည်။ ဘိန္နေန၊ ကွဲသော၊ ဟဒယေန၊ ရင်ဖြင့်။ ဝါ၊ နှလုံးဖြင့်။ နိက္ခန္တေဟိ၊ ထွက်ကုန်သော။ အက္ခီဟိ၊ မျက်စိတို့ဖြင့်။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပုဏိ၊ ရောက်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမံ အတီတံ၊ ဤအတိတ်ဇာတ်လမ်းကို။ ဒဿေတွာ၊ ပြတော်မူပြီး၍။ "ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ တိရစ္ဆာန-ဂတာပိ၊ တိရစ္ဆာန်တို့သည်လည်း။ အဂေါစရေ၊ မကျက်စားသင့်သောအရာ၌။ စရန္တာ၊ ကျက်စားကုန်လတ်သော်။ သပတ္တဟတ္ထံ၊ ရန်သူလက်တွင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ သကေပေတ္တိကေ၊ အဘ၏ ဥစ္စာဖြစ်သော။ ဂေါစရေ၊ ကျက်စားသင့်သော။ ဝိသယေ၊ အရာ၌။ စရန္တာ၊ ကျက်စားကုန်သည်ရှိသော်။ သပတ္တော၊ ရန်သူထို့ကို။ နိဂ္ဂဏှန္တိ၊ နှိပ်နင်းနိုင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေပိ၊ သင်တို့သည်လည်း။ ပရ ဝိသယေ၊ သူတပါးတို့၏အရာဖြစ်သော။ အဂေါစရေ၊ မကျက်စားသင့်သောအရာ၌။ မာ စရထ၊ မကျက်စားကြပါကုန်လင့်။ ဘိက္ခဝေ၊ တို့။ (တုမှာကံ-တို့သည်) ပရဝိသယေ၊ သူတပါးတို့၏ အရာဖြစ်သော။ အဂေါစရေ၊ မကျက်စားသင့် သောအရာ၌။ စရတံ၊ ကျက်စားကုန်လတ်သော်။ မာရော၊ မာရ်သည်။ ဩတာရံ၊ အခွင့်ကို။ လစ္ဆတိ၊ ရနိုင်ပေလိမ့်မည်။ မာရော၊ မာရ်သည်။ အာရမ္မဏံ၊ စွဲလမ်းရာကို။ ဝါ၊ အာရုံကို။ လစ္ဆတိ၊ ရနိုင်ပေလိမ့်မည်။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနော၊ ရဟန်း၏။ ပရဝိသယော၊ သူတပါးတို့၏ အရာဖြစ်သော။ အဂေါစရော၊ မကျက်စားအပ်သော အရာဟူသည်။ ကော စ၊ အဘယ်နည်းဟူမူကား။" ပဉ္စ၊ ငါးပါးကုန်သော။ ယဒိဒံ-ယံ

ကူဒံ-ယေ ကူမေ ကာမဂုဏာ၊ အကြင်ကာမဂုဏ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တဒိဒံ-တံ ကူဒံ တေ ကူမေ- ကာမဂုဏေ၊ ထိုကာမဂုဏ်တို့သည်။ ဘိက္ခုနော၊ ၏။ ပရိဝိသယော၊ သော၊။ အငေါ်စရော၊ မကျက်စားအပ်သော အရာ တည်း။ ပဉ္စ၊ ငါးပါးကုန်သော ကာမဂုဏ်တို့ဟူသည်။ ကတမေ၊ အဘယ် သည်တို့နည်း။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊ ရူပါရုံတို့လည်းကောင်း။ ။ပ။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံတို့ လည်း ကောင်း။ ကူတိ ကူမေ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ကာမဂုဏ်ဖြစ်သော ဤအာရုံ ငါးပါးသည်။ ဘိက္ခုနော၊ ရဟန်း၏။ ပရိဝိသယော၊ သော၊။ အငေါ်စရော၊ တည်း။” ကူတိ၊ ဤသို့။ ဝတွာ၊ ဟောပြီး၍။ အဘိသမ္ဗုဒ္ဓေါ၊ ဘုရားအဖြစ်သို့ရောက်တော်မူသည်။ ဟုတွာ၊ ဖြစ်၍။ ပထမံ၊ ရှေးဦးစွာသော။ ဂါထံ၊ ဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

(ဘိက္ခဝေ၊ ရဟန်းတို့။) ဂေါစရဋ္ဌာယိနံ၊ အစာရှာအံ့သောငှာ တောအုပ်၏အစွန်း၌ တည်လာသော။ လာပံ၊ ဗိလုံးငှက်သို့။ သေနော၊ သိန်းငှက်သည်။ ဗလသာ၊ အစွမ်းအားဖြင့်။ ပတမာနော၊ ထိုးသုတ် အံ့သောငှာ ကျလေသည်ရှိသော်။ သဟသာ၊ လျင်မြန်စွာ၊ အဇ္ဈပ္ပ- တ္တောဝ၊ ရောက်လေသာလျှင်ကတည်း။ တေန ကာရဏေန၊ ထို အကြောင်းကြောင့်။ သော သေနော၊ ထိုသိန်းငှက်သည်။ မရဏံ၊ သေခြင်းသို့။ ဥပါဂမိ၊ ရောက်လေ၏။

တတ္ထ တိဿံ ဂါထာယံ၊ ထိုပထမဂါထာ၌။ “ဗလသာ ပတမာနော” တိ၊ ဗလသာ ပတမာနော- ဟူသည်ကား။ လာပံ၊ ဗိလုံးငှက်ကို။ ဗလေန ထာမေန၊ အားအစွမ်းဖြင့်။ ပတမာနော၊ ထိုးသုတ်အံ့သောငှာ ကျလေသည်ရှိသော်။ “ဂေါစရဋ္ဌာယိန” န္တိ၊ ဟူသည်ကား။ သကဝိသယာ၊ မိမိ၏ ကျက်စားရာနေရာအရပ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဂေါစရတ္ထာယ၊ ကျက်စားရန်အလို့ငှာ။ အဋဝိပရိယန္တေ၊ တောအုပ်၏ အဆုံး၌။ ဌိတံ၊ တည်သော ဗိလုံးငှက်သို့။ “အဇ္ဈပ္ပတ္တော” တိ၊ အဇ္ဈပ္ပတ္တော- ဟူသည် ကား။ သမ္ပတ္တော၊ ရောက်လာ၏။ “မရဏံ တေနုပါဂမီ” တိ၊ ဟူသည်

ကာဓ။ တေန-ကာရဏေန၊ ထိုအကြောင်းကြောင့်။ မရဏံ၊ သေခြင်းသို့။ ပတ္တော၊ ရောက်၏။ (ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ပထမဂါထာ၏ အနက်တည်း။)

တသ္မိံ၊ ထိုသိမ်းငှက်သည်။ မရဏံ၊ သေခြင်းသို့။ ပတ္တေ၊ ရောက်သည်ရှိသော်။ လာပေါ၊ ဗီလုံးငှက်သည်။ နိက္ခမိတွာ၊ မြေစိုင်ခဲအကြားမှထွက်လာ၍။ ဝတ၊ စင်စစ်။ မေ၊ ငါ၏။ ပစ္စာမိတ္တဿ၊ ရန်သူ၏။ ပိဋ္ဌိ၊ ပျက်စီးခြင်းကို။ ဒိဋ္ဌာ၊ မြင်အပ်၏။ ဣတိ၊ ဤသို့။ တဿ၊ ထိုဗီလုံးငှက်၏။ ဟဒယေ၊ စိတ်နှလုံး၌။ ဝါ၊ ရင်ဘတ်ပေါ်၌။ ဌတွာ၊ ရပ်တည်၍။ ဥဒါနံ၊ ဝမ်းမြောက်ဝမ်းသာသောစကားကို။ ဥဒါနေန္တော၊ ကျူးရင့်လိုရကား။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သော။ ဂါထံ၊ "သောဟံ နယေန" စသော ဂါထာကို။ အာဟ၊ ဆို၏။

နယေန၊ ဘေးမှလွတ်ခြင်း၏ အကြောင်းဖြစ်သော ဉာဏ်နှင့်။ သမ္ပန္နော၊ပြည့်စုံသော။ သောဟံ သော အဟံ၊ထိုငါသည်။ ပေတ္တိကေ၊ အဘ၏ ဥစ္စာဖြစ်သော။ ဂေါစရေ၊ ကျက်စားရာအရပ်၌။ ရတော၊ မွေ့လျော်သည်ရှိသော်။ အပေတသတ္တု၊ ရန်သူမှ ကင်းလွတ်သည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ အတ္ထံ၊ ရောဂါကင်းသည်၏ အဖြစ်ဟုဆိုအပ်သော အစီးအပွားကို။ သမ္ပဿံ၊ ကောင်းစွာမြင်ရခြင်းကြောင့်။ မောဒါမိ၊ ဝမ်းမြောက်ရ၏။

တတ္ထ တိဿံ ဂါထာယံ၊ ထိုဒုတိယဂါထာ၌။ နယေနာတိ၊ နယေနဟူသည်ကား။ ဥပါယေန၊ အကြောင်းဖြစ်သောဉာဏ်နှင့်။ အတ္တမတ္တနောတိ၊ ဟူသည်ကား။ အတ္တနော၊ မိမိ၏။ အရောဂဘာဝသင်္ခါတံ၊ ရောဂါကင်းသည်၏ အဖြစ်ဟု ဆိုအပ်သော။ ဝုဍ္ဎိံ၊ အစီးအပွားကို။ သတ္ထာ၊ မြတ်စွာ ဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤ တရားဒေသနာတော်ကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ သစ္စာနိ၊ သစ္စာတို့ကို။ ပကာသေတွာ၊ ပြတော်မူ၍။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေသိ၊ ပေါင်း

တော်မူ၏။ သစ္စပရိယောသာနေ၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌။ ဗဟူ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်အစရှိသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကြလေကုန်၏။

- ဒေဝဒတ္တော၊ ယခုအခါဒေဝဒတ်သည်။ တဒါ၊ ထိုအခါ၌။ ဂေါနော၊ သိန်းငှက်သည်။ အဟောသိ၊ ဖြစ်လေပြီ။
- အဟမေဝ၊ ယခုအခါ ငါဘုရားသည်ပင်လျှင်။ တဒါ၊ ထို[illegible] လာပေါ၊ ဗိလုံးငှက်သည်။ အဟောသိ၊ ဖြစ်လေပြီ။

ဣတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေသိ၊ ပေါင်းတော်မူ၏။

သကုဏဂ္ဃိဇာတ် နိဿယ

ပြီး၏။

သီလမေဝ သုတာ သေယျော၊

ကြားမြင်သိရ မျှားသုတတက်
သီလကိုယ်ကျင့် ချီးမဖင့်ပဲ
အသင့်ကုံလုံ ကိုယ်လုံးထုံ၍
ပြည့်စုံမှသာ မြင့်မြတ်လှာသည်
သူငါသတိ ရှိရန်သော်၏။